# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ စနေနေ့ | အတွဲ (၆၃)၊ အမှတ်(၃၄၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်-မန္တလေး လမ်းဟောင်း ကျောက်ချက်တံတား (ဆင်သေချောင်းကူး)ပေါ်မှတစ်ဆင့် ဆင်သေချောင်းအတွင်း ရေများ အဆက်မပြတ် စီးဆင်းနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်းတံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ရေကြီးရေလျှံမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော တိုင်ဖွန်းမုန်တိုင်း ရာဂီ၏အရှိန်နှင့် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏ အရှိန်ကြောင့် စက်တင်ဘာ ၁၀ ရက်မှစတင်၍ နေရာအနှံ့အပြား မိုးအဆက်မပြတ်ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့်မြစ်ရေများ အဆက်မပြတ် မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အချို့နှင့် အခြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ မြို့နယ်အချို့တို့တွင် ရုတ်တရက် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့သည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၆ ရက်သာ လိုတော့သည်။**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)ရုတ်တရက် ရေကြီးရေလျှံခြင်းကြောင့် တံတားကမ်းကပ်ခုံများနှင့်ချဉ်းကပ်လမ်း ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

❖ *ရှေ့ဖုံးမှ*

ထိုသို့ဖြစ်ပေါ်ခဲ့ရာသက်ဆိုင်ရာ နယ်မြေအလိုက် နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များနှင့်အတူ ရေဘေးသင့် ပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ လမ်း/တံတားများအား ပြန်လည်ပြုပြင်ခြင်း၊ ပြိုကျပျက်စီးခဲ့သည့် အုတ်တံတိုင်းများနှင့် အဆောက်အဦများအား ဖယ်ရှား ရှင်းလင်းပေးခြင်းနှင့် လမ်းများ၌ ပိတ်ဆို့နေသည့်သစ်ပင်/သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့် ပြည်သူများအား သက်ဆိုင်ရာ မြို့နယ်အလိုက် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းများ၌ ကူညီကယ်ဆယ်နေရာချထားပေးကာ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း၊ စားရေရိက္ခာများ ဝေငှခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ ရေကြီး ရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ယာယီပြင်ဆင် ဆောင်ရွက်နေမှုများနှင့် ရေကြီးရေလျှံမှုအခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည်တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် လိုက်လံကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြီးရေလျှံခြင်းကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)အား လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရန် ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ကို ဆက်သွယ်ထားသော ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ အရှည် ပေ ၃၆၀၊ အကျယ် ၅၅ ပေရှိ သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)သည် ဆင်သေချောင်းတစ်လျှောက် ရုတ်တရက်ရေကြီးရေလျှံခြင်းများကြောင့် တံတားကမ်းကပ်ခုံများ ပျက်စီးခြင်း၊ ချဉ်းကပ်လမ်းရေတိုက်စား၍ လမ်းတာပေါင်ပျက်စီးခြင်း၊ တံတားရေလယ်တိုင်(Pier) များ နိမ့်ကျခြင်းများဖြစ်ပေါ်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ဘေလီတံတားထိုး၍ ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အမြန်ဆုံးဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က သိုက်ချောင်းတံတား (ဆင်သေချောင်းကူး)အပြင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အခြားတံတားများကိုလည်း

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေဖုံးလွှမ်းခဲ့သည့် လမ်းတစ်လျှောက် တင်ကျန်ခဲ့သည့် ရွှံ့နွံများကို စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ နေရောင်ပြအင်းဘုရားအနီး ရေဝင်နစ်မြုပ်နေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၃ မှ*

အများပြည်သူ သွားလာရေး အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ယာယီတံတားများကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ရေကြီးရေလျှံမှုများ လျော့ပါးသွားချိန်၌ ပျက်စီးသွားသည့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင်လည်းရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများမှ ကူညီရွှေ့ပြောင်းရန် လိုအပ်နေသူများအား ယာယီရေဘေးရှောင်စခန်းများသို့ ကူညီပြောင်းရွှေ့ပေးထားမှုအခြေအနေများကို မေးမြန်းကာ ရေဘေးသင့်ပြည်သူများ၏ နေရေးနှင့်စားရေး အဆင်ပြေစေရေးအတွက် စီမံဆောင်ရွက်ပေးသွားရန်နှင့် လိုအပ်သည့် ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများ၏ ဆွမ်းကိစ္စ အဆင်ပြေစေရေးအတွက်လည်း ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် အခြား လိုအပ်သည်များကို မှာကြားသည်။

### အမြန်ဆုံးဖယ်ရှားရှင်းလင်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သိုက်ချောင်းကျေးရွာမှ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ စိုက်ကေများ ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးနေမှုအခြေအနေများ၊ ကျေးရွာများအတွင်း ရေဝင်ရောက်နေမှုများ၊ ပင်လောင်းလမ်းဆုံနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လှေခွင်းတောင်သို့ ဝင်ရောက်သည့် လမ်းပိုင်းနေရာများတွင် ရေကျော်ဖြစ်ပေါ်နေမှု အခြေအနေများ၊ ကုန်တင်ကားကြီးများနှင့် ခရီးသည်တင်ယာဉ်များစောင့်ဆိုင်းနေရမှု အခြေအနေများ၊ ကျောက်ချက်တံတား (ဆင်သေချောင်းကူး) ပေါ်မှ တစ်ဆင့် ဆင်သေချောင်းအတွင်း ရေများ အဆက်မပြတ် စီးဆင်းနေမှုအခြေအနေများ၊ ပုဗ္ဗသီရိ မြို့နယ်၊ ဝက်ကုန်းကျေးရွာနှင့် ပေါက်တောကျေးရွာလမ်းကြောင်း တစ်လျှောက် လူနေအိမ်များ ရေဝင်ရောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေကြီးရေလျှံမှုများကြောင့် လမ်းများ၌ သစ်ပင်/သစ်ကိုင်းများ ပိတ်ဆို့နေမှုများကို အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရန် လိုကြောင်း၊ ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မှသာလျှင် ရေဝပ်မှုများ ကျဆင်းသွားမည်ဖြစ်သဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စက်ယန္တရားအင်အား၊ လူအင်အားများကို အင်ပြည့်အားပြည့်ဖြင့် အသုံးပြုဆောင်ရွက်သွားရန် လိုကြောင်း၊ စက်ယန္တရားများရှိသည့် ဝန်ကြီးဌာနများနှင့် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့များမှ စက်ယန္တရားများ ထပ်မံထုတ်ယူ၍ ရေစီးရေလာ ကောင်းမွန်အောင် ရေလမ်းကြောင်း အမြန်ရှင်းလင်းရန်လိုကြောင်း၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ပြီး ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပုဗ္ဗသီရိမြို့နယ် ကျေးရွာများအတွင်း လူနေအိမ်များ ရေဝင်နစ်မြုပ်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

### ရေစီးရေလာကောင်းမွန်ရေး

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အေးမြင့်သာယာတံတား (ဆင်သေချောင်းကူး) သို့ ရောက်ရှိကြပြီး ရေစီးအားကြောင့် တံတား ချဉ်းကပ်လမ်း မြေကာနံရံပဲ့ကျ ပျက်စီးနေမှု အခြေအနေများနှင့် ဆင်သေချောင်းအတွင်း သစ်ပင်၊ သစ်တုံးများ မျောပါပြီး တံတားအောက်ခြေတိုင်များတွင် ပိတ်ဆို့နေမှုများကို ဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တံတားများနှင့် လမ်းများအားလုံး ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများ ပိုမိုမြန်ဆန်မှုရှိစေရေး စက်ယန္တရားများကို ထိရောက်စွာ အသုံးပြုသွားရန်လိုကြောင်းနှင့် ရေဖုံးလွှမ်းခဲ့သည့် လမ်းတစ်လျှောက် တင်ကျန်ခဲ့သည့် ရွှံ့နွံများ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှု၍ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် တာဝန်ရှိသူများအား နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု ဒဏ်ခံခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အင်ပြည့်အားပြည့်ဖြင့် အမြန်ဆုံး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေဘေးသင့်ပြည်သူများ၏ လက်ဝယ်သို့ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံး ရောက်ရှိရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်ကြောင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခံစားခဲ့ရသည့် အခြား နိုင်ငံများနည်းတူ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ အမြန်ဆုံး ရရှိနိုင်ရေးအတွက်လည်း နိုင်ငံတော်အစိုးရမှ တာဝန်ရှိသူများအနေဖြင့် အမြန်ဆုံးချိတ်ဆက် ရယူနိုင်ရေး ဆောင်ရွက်သွားရန်နှင့်ရေဘေးသင့် ပြည်သူများအား အမြန်ဆုံး ထောက်ပံ့ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသည်။

### အသိပေးနှိုးဆော်ထား

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနအနေဖြင့်လည်း ယနေ့နံနက်ပိုင်းမှ စက်တင်ဘာ ၁၅ ရက်နေ့အထိ ယခုကဲ့သို့မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေး အနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အများပြည်သူသွားလာရေး အဆင်ပြေစေရန်နှင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ယာယီတံတားများကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများ လျော့ပါးသွားချိန်၌ ပျက်စီးသွားသည့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးတို့အတွက် စနစ်တကျ ထည့်သွင်းတွက်ချက်၍ ပြန်လည်ပြင်ဆင်ဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အေးမြင့်သာယာတံတား (ဆင်သေချောင်းကူး) အောက်ခြေတံတားတိုင်များတွင် ပိတ်ဆို့နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## သံအမတ်ကြီး ဦးသစ်လင်းအုန်းအား ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

သတင်းစဉ်

## ဦးဇော်ဦးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးဇော်ဦးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်



## သံအမတ်ကြီး ဦးမျိုးမြင့်မောင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးမြင့်မောင်သည် ၎င်း၏ ခန့်အပ်လွှာကို စက်တင်ဘာ ၁၂ ရက်တွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကတ္တမန္ဒူမြို့ရှိ သမ္မတရုံး၌ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရမ်ချန်ဒရာပေါ်ဒဲလ်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

## ဦးကျော်တင်ရှိန်အား အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်ရှိန်အား အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## ကျိုက်မရောမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး ဆွေးနွေးပွဲနှင့်အထောက်အကူပြုပစ္စည်းများ ပေးအပ်

**ကျိုက်မရော စက်တင်ဘာ ၁၃**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ရပ်ကျေးအဆင့် တာဝန်ခွဲဝေချထားမှုနှင့် အထောက်အကူပြုပစ္စည်းများ ပေးအပ်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးဦးက အမှာစကား ပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးသန့်ဇင်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်း ကောက်ယူသွားမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်းစာရင်းဆိုင်ရာ သိကောင်းစရာအချက်အလက်များ၊ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကာလအတွင်း လူဦးရေစာရင်း မထပ် မကျန်စေရေး ပြည့်စုံမှန်ကန်စွာ ပြီးမြောက်အောင် ကောက်ယူနိုင်ရေး ရှင်းလင်းပြောကြားသည်။

ယင်းနောက်မြို့နယ်သန်းခေါင်းစာရင်းဥက္ကဋ္ဌ ဦးကျော်စိုးဦးက ရပ်ကျေးအဆင့် သန်းခေါင်စာရင်းကောက်ယူရေးအတွက် အထောက်အကူပြုပစ္စည်းများအား သက်ဆိုင်ရာ ကျေးရွာသန်းခေါင်စာရင်းကော်မတီဝင်များထံ ပေးအပ်သည်။



အခမ်းအနားသို့ မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဝင်များ၊ ရပ်ကျေး သန်းခေါင်စာရင်း ကော်မတီဝင်များ စုစုပေါင်း ၁၀၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် စက်တင်ဘာ ၁၃

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ကိုယ်စား အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ(၁)၊ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်လျက်ရှိသော တောင်တရုတ်ပင်လယ်အတွင်းရှိ တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်ကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့်လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ ရေကြီးသည်နှင့် ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများကလည်း ကယ်ဆယ်ရေးလုပ်ငန်းများ ကြိုးစားဆောင်ရွက်ခဲ့ကြကြောင်း၊ ဆက်လက်၍ နေအိမ်၊ လမ်းတံတား၊ အခြေခံ အဆောက်အဦ ပျက်စီးမှုများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေဘေးသင့်သူများအတွက် လိုအပ်သောထောက်ပံ့ကူညီမှုများ ကဏ္ဍအလိုက်ထိခိုက်ပျက်စီးမှုများကို အထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း၊ လမ်းညွှန်မှုခံယူ အကောင်အထည်ဖော်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများက ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဒုတိယဥက္ကဋ္ဌ (၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဖြစ်ပွားနေသော ရေကြီးရေလျှံမှုများနှင့်စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှုများ၊ ASEAN Coordinating Center for Humanitarian Assistance on Disaster Management– AHA Center မှ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးပို့မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဖြစ်ပေါ်နိုင်သည့် မိုးလေဝသအခြေအနေများအရ ဆောင်ရွက်ရန်လျာထားမှုများကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးချက်များအရ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်နေသောနေရာဒေသများအလိုက် သတင်းအချက်အလက် လွယ်ကူလျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်း/ ပြည်ပမှ လှူဒါန်းရောက်ရှိသော ပစ္စည်းများနှင့် စပ်လျဉ်း၍ လိုအပ်သောသွင်းကုန်ဆိုင်ရာ၊ အကောက်အခွန်ဆိုင်ရာ၊ ပို့ဆောင်မှုဆိုင်ရာ စသည့်လုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ဝန်ကြီးဌာန/ အဖွဲ့အစည်းများအလိုက်၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် စနစ်တကျဆောင်ရွက်နိုင်ရေး၊ ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေ ကိန်းဂဏန်းအချက်အလက်များကိုအထက်အဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေး၊ ဆည်မြောင်း၊ တာတမံများနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အန္တရာယ် ဖြစ်ပွားနိုင်မှုဆိုင်ရာ အသိပေးချက်များ၊ သတင်းအချက်အလက်များကို ပြည်သူများ လက်လှမ်းမီသိရှိနိုင်ရေး၊ မြစ်ရေကြီးမှုအပါအဝင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့် နေရာဒေသများအား အသိပေး ကြေညာရာ၌ ထိခိုက်နိုင်ခြေရှိသည့် မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် ဖော်ပြကြေညာသွားရန်၊ လိုအပ်ပါက ကြိုတင် ရွှေ့ပြောင်းနိုင်ရေးကိုပါ ထည့်သွင်းဖော်ပြရန်တို့အပါအဝင် စီမံခန့်ခွဲမှု လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်သူ့ဆေးရုံ (တပ်ကုန်းမြို့)နှင့် တပ်ကုန်းမြို့အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ရေဘေးကယ်ဆယ်ရေး စခန်းများ၌ ကျန်းမာရေး စောင့်ရှောက်ပေးနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ဆေးရုံ (တပ်ကုန်းမြို့) သို့ ရောက်ရှိပြီး ကျန်းမာရေး ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ဆေးရုံအတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှု**(အပေါ်ပုံ)**၊ပြည်သူ့ဆေးရုံ၌ ပြင်ပလူနာဌာနသို့ လာရောက် ပြသသောလူနာများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ရေဝင်ရောက်ခဲ့သော လူနာဆောင်များ၊ ခွဲစိတ်ခန်းများနှင့် ဆေးရုံသုံးစက်ပစ္စည်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေမီးအမြန်ဆုံးပြန်လည်ရရှိ၍ ဆေးရုံလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည် လည်ပတ်နိုင်ရေး ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ကျန်းမာရေး ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ယခင် ခုတင် (၅၀) ပြည်သူ့ဆေးရုံအဆောင်ဟောင်းတွင် အတွင်းလူနာ ကြည့်ရှုကုသနေမှုအခြေအနေများကို ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် အထက (၁) ၌ ဖွင့်လှစ်ထားသောရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူ ၃၉၂၅ ဦး၊ ငွေတောင်တောရကျောင်းရှိ ရေဘေးသင့်ပြည်သူ ၆၂၀ တို့အား ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်ထောင်စုဝန်ကြီးက ရေဘေးရှောင်စခန်းများတွင် ဆေးဝါးနှင့် ဆေးပစ္စည်းများ လုံလောက်စွာ ထောက်ပံ့ပေးနိုင်ရေး၊ ၂၄ နာရီအချိန်ပြည့် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေး၊ သန့်စင်သည့်ရေကို သောက်သုံးနိုင်ရေး၊ သောက်ရေတင်မကဘဲ သုံးရေ လုံလောက်စွာရရှိရေး အတွက်လည်း စီစဉ်ဆောင်ရွက်စေရေး၊ ယင်လုံအိမ်သာ စနစ်တကျသုံးစွဲနိုင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အစားအစာများကို သန့်ရှင်းစွာနှင့် ပူပူနွေးနွေး စားသုံးနိုင်ရေး၊ အမှိုက်များကို အဖုံးပါသည့် အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်နိုင်ရေး၊ ကူးစက်ရောဂါများ ကာကွယ်ရေးအတွက် ကျန်းမာရေး အသိပညာပေးရေးနှင့် ဆေးရုံသို့ လွှဲပြောင်းကုသရန် လိုအပ်သည့် လူနာများကို အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းကုသနိုင်ရေးတို့ကိုမှာကြားကာ Emergency Medical Kit များ၊ ရေသန့်ဆေးပြားများ၊ ဆေးဝါးများနှင့် ကျန်းမာရေး စောင့်ရှောက်မှုပေးနေသော ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၃** – မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် လျာထားစီမံကိန်းလုပ်ငန်းများကို စနစ်တကျစိစစ်၍ အမှန်တကယ် လိုအပ်ချက်ရှိသည့် ဒေသများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် စီမံဆောင်ရွက်သွားကြရမည်

**နေပြည်တော် စက်တင်ဘာ ၁၃**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ ပညာရေး၊ ကျန်းမာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ လျာထားခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။



အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ လုပ်ငန်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ (၂) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသည့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများက Online System ဖြင့် တက်ရောက်ခဲ့ကြသည်။

**ဦးစားပေးဆောင်ရွက်**

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် လျာထားစီမံကိန်းလုပ်ငန်းများကို စနစ်တကျစိစစ်၍ အမှန်တကယ် လိုအပ်ချက်ရှိသည့် ဒေသများအတွက် အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါသေအခန်းကဏ္ဍ၌ ပါဝင်နေသဖြင့် လုပ်ငန်းဆပ်ကော်မတီဝင်များ၊ ဒေသဆိုင်ရာလုပ်ငန်းဆပ်ကော်မတီများအနေဖြင့် လိုအပ်ချက်ရှိသည်များကို မြေပြင်ကွင်းဆင်းစိစစ်၍ အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး တင်ပြဆွေးနွေးကြရန် တိုက်တွန်းမှာကြားသည်။

**ညှိနှိုင်းပေါင်းစပ်ဆွေးနွေး**

ထို့နောက် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်း၊ ဒုတိယဥက္ကဋ္ဌ (၂) သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ၊ လုပ်ငန်းကော်မတီဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး/ပြည်နယ် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီ ဥက္ကဋ္ဌများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းများ ဦးစားပေးအလိုက် လျာထားမှု အခြေအနေများ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်လျာထား ဆောင်ရွက်သွားမည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ် ဆွေးနွေးကာ နိဂုံးချုပ် အမှာစကားပြောကြား၍ အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် နေပြည်တော်ကောင်စီနယ်မြေအတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးသွားသည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၁၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆင်သေချောင်းရုတ်တရက်ရေလျှံသဖြင့် ပျက်စီးခဲ့သော လမ်း၊ တံတားများအား လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေး အရေးပေါ်ပြန်လည် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၄၅ မိုင် ၇ဖာလုံရှိ နဝင်းချောင်းတံတား (အဆုံတံတား)သို့ သွားရောက်ပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေတိုက်စား ပျက်စီးသွားသည့် တံတားချဉ်းကပ်လမ်း ပြင်ဆင်ဆောင်ရွက်သည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက အဆိုပါတံတားသည် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ရှိသဖြင့် ယာဉ်သွားလာမှုနှင့် ကုန်စည်စီးဆင်းမှုအတွက် အရေးပါသော တံတားတစ်စင်းဖြစ်သည့်အတွက် ကုန်တင်ယာဉ်ကြီးများ သွားလာနိုင်ရန်အတွက် တံတားခံနိုင်ဝန်အားကို လုံလောက်စေရေး တွက်ချက်ဆောင်ရွက်ရန်၊ လုပ်ငန်းစဉ်အဆင့်ဆင့်ကို စနစ်တကျဆောင်ရွက်ရန်၊ မှတ်တမ်းများထားရှိရန်၊ အမြန်ဆုံးပြုပြင်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြား၍ ယာယီဘေလီတံတားထိုးခြင်းအတွက် သံပေါင်များတပ်ဆင်နေမှုနှင့် ချဉ်းကပ်လမ်းအပိုင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်သေချောင်းတံတား (ပုပ္ပားကုန်း) သို့ သွားရောက်၍ ပျက်စီးသွားသော တံတားထိပ်ခုံနှင့် လမ်းတာပေါင်နေရာကို ဘေလီတံတားထိုး၍ ယာယီပြင်ဆင်ဆောင်ရွက်ပြီးစီးသည့် အခြေအနေနှင့် အဆိုပါတံတားနှင့် ဆက်စပ်နေသော အခြားတံတားတစ်စင်းတို့အကြားရှိ လမ်းတာပေါင် ရေထိုးသဖြင့် ပျက်စီးနေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဆင်သေချောင်းတံတား (ပုပ္ပားကုန်း)နှင့် နီးကပ်လျက်ရှိသော တံတား တစ်စင်းတို့အကြားရှိ လမ်းတာပေါင်၏ ကြံ့ခိုင်မှုကို ပြန်လည်စစ်ဆေးပြီးမှသာ အများပြည်သူ အသုံးပြုနိုင်ရေး ဖွင့်လှစ်ပေးရန်နှင့် ပြုပြင်ရန်လိုအပ်ပါက အမြန်ဆုံးပြင်ဆင် ဆောင်ရွက်ပေးသွားရန် မှာကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့အား ဆက်သွယ်ထားသော လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း)၏ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းတို့သည် ရေတိုက်စားခြင်းကြောင့် ပျက်စီးနေသော နေရာများကို ယာယီဘေလီတံတားထိုးခြင်းဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ အများပြည်သူများ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် အမြန်ပြီးစီးစေရေး တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စဉ့်ကိုင်မြို့နယ် သမဝါယမ(အသင်းစု) လီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**စဉ့်ကိုင် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သမဝါယမ (အသင်းစု) လီမိတက်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ သဘာပတိ ဦးစိန်သောင်း၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တိုင်းဒေသကြီး အသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူက သမဝါယမလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုမှ အသင်းစာရင်းစစ်အစီရင်ခံစာများကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးညီညီဇော်က မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သမဝါယမအသင်းစု အမှုဆောင် ဦးမောင်အုန်းက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်းတင်ပြပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ သဘာပတိက ၎င်းတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် အသင်းဝင် ကိုယ်စားလှယ်များက ထောက်ခံအတည်ပြုခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသော သမဝါယမအသင်းဝင်ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်းနှင့် သမဝါယမအသင်းစု ဥက္ကဋ္ဌ သဘာပတိနှင့် တာဝန်ရှိသူများက အသင်းစု၏ အစုပေါ်အမြတ်ရငွေများနှင့် CB ဘဏ်၏ အစုပေါ်အမြတ်ရငွေများကို ထုတ်ပေးခဲ့ရာ အသင်းဝင်ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**ကျော်စွာ**

**(စဉ့်ကိုင်)**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရေဘေးသင့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၁၃


**နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် သီလရှင်ပညာရေးကျောင်းများရှိ သံဃာတော်များနှင့် သီလရှင်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်တောရကျောင်း ဓမ္မဝိဇိတဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ ဧည့်ပရိသတ်များက ပုဗ္ဗသီရိမြို့နယ် ရွာတော်အုပ်စု ကြာကန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒိယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ကြာကန်ကျောင်း၊ တိုက်ကျောင်း၊ ကံသာယာ ဓမ္မရိပ်သာကျောင်း၊ ဘုရားကြီး(ငါးစိမ်းအင်း)ကျောင်း၊ ထူးကြီး ပရိယတ္တိစာသင်တိုက်၊ မဟာဝိသုတာရာမ (အောင်ပန်း) ကျောင်းနှင့် ရွာသစ်ကျောင်း၊ ဆင်ဖြူကျွန်းကျောင်း၊ မဟာဓမ္မပါရမီ မိုးကုတ်ရိပ်သာကျောင်း၊ နန်းတော်ရာ တပ်ဦးကျောင်း၊ ကောဝိဒါရာမကျောင်း၊ ဆင်တဲကြီးကျောင်း၊ သာသနဝံ့ဟိတကာရီ (စက်ကုန်း) ကျောင်း၊ ကြံတဲစုကျောင်းနှင့်မြောက်ချောင်းကျောင်း၊ တိုက်သစ်ကျောင်း၊ မိုးကောင်း ဓမ္မသုခ(ချောင်းစောက်)၊ ဓမ္မသုခ (လယ်သာ)ကျောင်း၊ အောင်စည်သာ ပရိယတ္တိစာသင်တိုက်၊ ကြံဖိုစုကျောင်း၊မဏိဇောတိကာရုံကျောင်း၊ ကျောင်းစုပရိယတ္တိစာသင်တိုက်၊ သာယာကုန်းကျောင်း၊ အေးကျောင်း၊ မေတ္တာသုခကျောင်း၊ သဒ္ဓါရုံကျောင်း၊ သရက်သမိန်ကျောင်း၊ အောင်မေတ္တာကျောင်း၊ ထိန်လင်းကျောင်း၊ သစ္စာအောင်မြေကျောင်းနှင့် သာသနာ့ဥယျာဉ်ကျောင်းတို့မှ ဆရာတော်ကြီးများနှင့် သဒ္ဓမ္မနန္ဒီသီလရှင်ကျောင်းနှင့် ပြင်ကြီးသာသနဝေပုလ္လသီလရှင်ကျောင်းတို့သို့ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် ရွာတော်အုပ်စု ကြာကန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနန္ဒိယ ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား ဆင်ဖြူရှင်ရပ်ကွက်ရှိ အလှူရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မရှိခဏကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခာစာရအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ အဆိုပါကျောင်း၌ ရေဘေးရှောင်နေသော နေပြည်တော်ကောင်စီနယ်မြေ သူရဲသမိန်ရွာနှင့် ဇီးကုန်းရွာတို့မှ ရေဘေးသင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ အစားအသောက်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်သည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ရေဘေးသင့်ဘုန်းတော်ကြီးကျောင်း ၃၁ ကျောင်းနှင့် သီလရှင်ကျောင်း နှစ်ကျောင်း၊ စုစုပေါင်း ၃၃ ကျောင်းရှိ ဆရာတော် သံဃာတော်များနှင့် သီလရှင် ဆရာကြီးများအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၆၆ သိန်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့လယ်ယာ ထွက်ကုန်များ၏ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက် စီမံခန့်ခွဲမှုစနစ်သင်တန်း ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာ့လယ်ယာ ထွက်ကုန်များ၏ ထောက်ပံ့ ပို့ဆောင်မှုကွင်းဆက် စီမံခန့်ခွဲမှုစနစ် သင်တန်း ဆွေးနွေးပွဲ “Training Workshop on Agriculture Supply Chain Management System in Myanmar ” ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ် (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနတာဝန်ရှိသူများ၊ သင်တန်းပို့ချမည့် ဆရာ ဆရာမများ၊ အဆင့်မြင့်အရာရှိများနှင့် သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က နိုင်ငံတကာမှ ဆောင်ရွက်လျက်ရှိသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ကွင်းဆက်တစ်လျှောက် စီမံခန့်ခွဲမှုနည်းလမ်းများ၊ နည်းဗျူဟာများကို သိရှိစေရန်နှင့် ပြန်လည်အသုံးချနိုင်စေရန် ရည်ရွယ်ပြီး ယနေ့သင်တန်းကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမင်းမင်းက Trade Facilitation Agreement တွင် အဖွဲ့ဝင်များအနေဖြင့် လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအမံများအနက် ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် လွယ်ကူချောမွေ့မြန်ဆန်စေရန် Single Window အား အကောင်အထည်ဖော်ဆောင်ခြင်း၊ ကုန်စည်ရွှေ့လျားခြင်းနှင့် အကောက်ခွန်ရှင်းလင်းခြင်း၊ ပုပ်သိုးလွယ်သော ကုန်စည်များအပါအဝင် ဆုံးရှုံးနိုင်ခြေရှိသည့် ကုန်စည်များအတွက် စီမံခန့်ခွဲခြင်း စသောအချက်များက ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လွယ်ကူလျင်မြန် ချောမွေ့စေမည်ဖြစ်ကြောင်း ပြောကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဆိုပါသင်တန်းတွင် လယ်ယာကဏ္ဍဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆက်စပ်ဌာန အဖွဲ့အစည်းများ သိရှိရမည့် အခြေခံစည်းမျဉ်းများ၊ နိုင်ငံတကာမှ ကျင့်သုံးသည့် အလေ့အထများနှင့် ထောက်ပံ့မှုကွင်းဆက်တစ်လျှောက် စီမံခန့်ခွဲသည့် မဟာဗျူဟာမြောက်နည်းလမ်းများကို စီမံကိန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန္တာကြည်၊ စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းမြင့်နှင့် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီအောင်တို့က ပို့ချဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇလွန်မြို့နယ် ကျောင်းစုကျေးရွာ၌ စက်ချုပ်နည်းပညာသင်တန်း(အခြေခံ)ဖွင့်ပွဲကျင်းပ

**ဇလွန် စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ စက်ချုပ်နည်းပညာသင်တန်း (အခြေခံ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သရက်တပင်မြောက်



အုပ်စု ကျောင်းစုကျေးရွာရှိ (ကျေးရွာခန်းမ) ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်လင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဟင်္သာတခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇင်မာထွေးက အမျိုးသမီးများ ဝင်ငွေတိုးရေး ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းအကြောင်းနှင့် စီမံကိန်းသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းပြောကြားကာ ကျောင်းစုကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က သင်တန်းဖွင့်လှစ်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းသို့ သရက်တပင်မြောက်အုပ်စုအတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦးတက်ရောက်ခဲ့ကာ စက်တင်ဘာ ၁၃ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ စာတွေ့၊ လက်တွေ့ပို့ချသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင် ထူးချွန်သူငါးဦးကို လုပ်ငန်းထူထောင်နိုင်ရန် အပ်ချုပ်စက်ပစ္စည်းများ အပြည့်အစုံ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



ပျဉ်းမနားမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စက်တင်ဘာ ၁၃ ရက်က ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ လူမှုကူညီရေးအသင်းများနှင့် ဒေသခံလူငယ်များစုပေါင်းပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်၍ ရေဘေးများဖြစ်ပွားလျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများအား ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး KBZ Pay QR Code နံပါတ် 70157401001 သို့လည်းကောင်း QR Code ကို Scan ဖတ်၍ လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက QR Code ကို Scan ဖတ်၍ လည်းကောင်း၊ ဖုန်းနံပါတ် (၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။




၃။ ထို့အပြင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့်လည်း လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသဖြင့် ထပ်မံအသိပေးကြေညာသွားမည် ဖြစ်ပါသည်။

၄။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account Transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၅။ နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့တွင် ငွေစာရင်းအမှတ် (0111284000000063)ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့လှူဒါန်းနိုင်ပါသည်။

၆။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN–600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

( ခ ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

( ဂ ) ပြည်တွင်း/ပြည်ပမှနိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့်-

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN–600018 သို့လှူဒါန်းနိုင်ပါသည်။

၇။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅<br>၀၉-၄၂၀၇၄၀၁၆၀ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

၈။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

( ခ ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နေပြည်တော်။

( ဂ ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## မလှိုင်မြို့၌ ဆီထွက်သီးနှံ ပဲမျိုးစုံ သီးနှံမျိုးစေ့ထုတ်နှင့် စံပြကွက်တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာဖြန့်ဖြူး

**မလှိုင် စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄ -၂၀၂၅ ခုနှစ် စပါး၊ ဝါ၊ ဆီထွက်သီးနှံ ပဲမျိုးစုံ သီးနှံမျိုးစေ့ထုတ်နှင့် စံပြကွက်တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာဖြန့်ဖြူးရောင်းချပွဲကို စက်တင်ဘာ ၁၂ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစန်းယုက မြေဩဇာ ရောင်းချပေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးဦးစီးမှူး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုကိုတို့က တောင်သူများအား ယူရီးယားမြေဩဇာအိတ်များ ရောင်းချထောက်ပံ့ပေးအပ်သည်။

မိုးစပါး အထူးအထွက်တိုးစံပြကွက်နှင့် မျိုးစေ့ထုတ် ပန်းတိုင်စံပြကွက်ဧက ၉၁၀၊ ခမရ၀ါ/ မျိုးစေ့ထုတ် ပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက် ၁၃၂ ဧက၊ ဆီထွက်သီးနှံ မျိုးစေ့ထုတ်/ပန်းတိုင်/အထူးဇုန်ဧက၂၉၅ ဧက၊ မိုးစပါးခေါင်နှံ/မျိုးသစ် စံပြကွက် ၁၀ ဧက၊ ပဲစင်းငုံ အထူးဇုန်စံပြကွက် ဧက ၄၀ စုစုပေါင်း စိုက်ဧက ၁၃၈၇ ဧကအတွက် ကျေးရွာအုပ်စု ၂၀ မှ တောင်သူ ၄၃၂ ဦးအတွက် ယူရီးယား မြေဩဇာအိတ် ၈၀၀ ကို တစ်အိတ်လျှင် သတ်မှတ်ဈေးနှုန်းငွေကျပ် ၃၅၅၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြထွန်း(မလှိုင်)

## လယ်ဝေးမြို့၌ ဥပဒေဆိုင်ရာ (ခရိုင်အဆင့်) အသိပညာပေး

**လယ်ဝေး စက်တင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေဆိုင်ရာ (ခရိုင်အဆင့်) အသိပညာပေးရှင်းလင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ဒက္ခိဏသီရိမြို့နယ် အမှတ် (၁၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ခရိုင်ပညာရေးမှူး ဦးကျော်စိုးဝင်းက အမှာစကားပြောကြားပြီး လယ်ဝေးခရိုင် ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူး ဆရာ၊ ဆရာမကြီးများက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ပါအကြောင်းအရာများကို လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

**သစ်ပင်စိုက်မှ အရိပ်ရ၏၊ ရိပ်ခိုနားနေ အပန်းဖြေ၏**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုနယ်မြေ နေပြည်တော် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတက်ရောက်၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၃

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သဘာဝဘေးလျော့ပါးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။**

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် လုပ်ငန်းကော်မတီများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဖြစ်ပေါ်နေသည့် ရေလွှမ်းမိုးမှုအခြေအနေများနှင့်ပတ်သက်၍ ရှာဖွေကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးစသည့် လုပ်ငန်းများကို ဌာနဆိုင်ရာများ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုများနှင့်ပူးပေါင်းပြီး အချိတ်အဆက်မိမိဖြင့် စီမံချက်များ ရေးဆွဲထားသည့်အတိုင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ပျဉ်းနားမြို့နယ် သကြားစက်လမ်းတွင် ကားလမ်းရေကျော်နေမှုအခြေအနေများနှင့် ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ယာယီရွှေ့ပြောင်းနေရာချထားသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ တပေါင်းကွင်းနှင့် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်သို့သွားရောက်၍ ရေဘေးသင့်ပြည်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုပြီး ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကာ အာဟာရဖြစ် စားသောက်ဖွယ်ရာများ



ပေးအပ်၍ **(အပေါ်ပုံ)**လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီး ရာဇဌာနီလမ်းနှင့် ပင်လောင်းလမ်းတို့တွင် ရေဝင်ရောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့သည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းတို့နှင့်အတူ ရဟတ်ယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းနှင့် စစ်တောင်းမြစ်ရိုးတစ်လျှောက် ရေလွှမ်းမိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးစိုးကြည် တောင်ငူမြို့ရှိ ရေဘေးရှောင်စခန်းများ ကြည့်ရှုစစ်ဆေး

**တောင်ငူ စက်တင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းက တောင်ငူမြို့ရှိ ရေဘေးရှောင်စခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူခရိုင် စီမံခန့်ခွဲရေးအဖွဲ့ရုံး၊ ဘုရင့်နောင်ခန်းမတွင် စက်တင်ဘာ ၁၁ ရက်ကစ၍ စစ်တောင်းမြစ်ရေမြင့်တက်လာမှုကြောင့် တောင်ငူမြို့အတွင်း ရပ်ကွက် ၈၊ ၉၊ ၁၀၊ ၁၉၊ ၂၀ များတွင် ကယ်ဆယ်ရေးစခန်း ၁၇ ခု၊ ရေတာရှည်မြို့တွင် စခန်း ၁၁ ခု၊ ထန်းတပင်မြို့တွင် သုံးခု၊ အုတ်တွင်းမြို့တွင် တစ်ခု စုစုပေါင်း ရေဘေးရှောင်စခန်း၃၂ ခုတွင် အိမ်ထောင်စု ၄၂၃၄ စု၊ လူဦးရေ ၁၆၅၃၉ တို့ကို စောင့်ရှောက်ထားမှုအခြေအနေနှင့် စစ်တောင်းမြစ် ရေထပ်မံတိုးလာပါက ရွှေ့ပြောင်းရမည့်အနိမ့်ပိုင်းရပ်ကွက်များရှိ ပြည်သူများအား ကြိုတင်အသိပေးရေး၊ အချိန်မီရွှေ့ပြောင်းနိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စနစ်တကျ စုဖွဲ့ထားရှိရေး၊ ဖွင့်လှစ်ထားသည့် စခန်းများမှ ပြည်သူများအား စနစ်တကျ နေရာချထား ကျွေးမွေးမှုစီမံဆောင်ရွက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေး စသည်များအတွက် လိုအပ်သော ဆပ်ကော်မတီများကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ရွှေဂူကြီးရေဘေးရှောင်စခန်း၊ အ.ထ.က(၆) ရေဘေးရှောင်စခန်း၊ အ.ထ.က(၅) ရေဘေးရှောင်စခန်း၊ လောကုတ္တရာဘုန်းကြီးကျောင်း ရေဘေးရှောင်စခန်းများသို့သွားရောက်၍ အိမ်ထောင်စု ၆၁၂ စုမှ လူဦးရေ ၂၁၀၆ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၈၄၅၂၀၀ နှင့် ခေါက်ဆွဲခြောက်ဖိုးငွေကျပ် ၁၂၆၃၆၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၁၀၁၀၈၈၀၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

အိန္ဒိယနိုင်ငံ၊ ကန်နင်းမြို့၏ အရှေ့ဘက် ရေမိုင် ၁၂၀ ခန့်နှင့် ကိုးလ်ကတ္တားမြို့၏ အရှေ့ - အရှေ့တောင်ဘက်ရေမိုင် ၁၄၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် ည ၉ နာရီခွဲတွင် မြောက်လတ္တီကျူ ၂၂ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၀ ဒသမ ၈ ဒီဂရီတွင်ရှိပြီး၊ ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို ပတ်တု(အ) ခါလီမြို့အနီးမှ ဖြတ်ကျော်နိုင်ကာ နောက် ၄၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ ၁၅-၉-၂၀၂၄ ရက်နေ့အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မိုးသည်းထန်ခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၁၃**

နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၃)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှ တပ်ဖွဲ့ဝင်များက မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့နှင့် လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ ရဲအုပ် မင်းသန့်၊ ဦးစီးအရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင်၊ မိသားစုဝင် ၁၀၂ ဦး စုပေါင်းသွေးလှူဒါန်းကြရာ ခေတ္တကွပ်ကဲရေးမှူး ရဲမှူးကြီး မိုးညို၊ ဦးစီးအရာရှိ (ပထမတန်း) ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်၊ ဆေးရုံအုပ် ဒေါက်တာ လှဋ္ဌေးမင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရဖြည့်စွက်စာနှင့် အားဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့်ဒေသများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်မှု ဓာတ်ပုံမြင်ကွင်း





စက်တင်ဘာ ၁၃ ရက်က ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့ကျေးရွာများ (ဝဲပုံ)နှင့် တောင်ငူမြို့ကျေးရွာများ (အပေါ်ပုံ) တွင် ရေဝင်ရောက်မှုဖြစ်ပွားသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ဆောင်ရွက်ပေးစဉ်။ ဓာတ်ပုံ– MFSD





စက်တင်ဘာ ၁၁ ရက်က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်ပွားသည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် လူမှုကူညီရေးအသင်းအဖွဲ့များက ခဲရာခဲဆစ် ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ– MFSD



စက်တင်ဘာ ၁၂ ရက်က မြန်အောင်မြို့နယ် ဧရာဝတီမြစ်ကမ်းအနီးရှိ နေအိမ်များမှ ရေဘေးသင့်ပြည်သူများကို ကူညီရွှေ့ပြောင်းပေးစဉ်။ ဓာတ်ပုံ – MFSD



စက်တင်ဘာ ၁၁ ရက်က ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပွားရာ တာဝန်ရှိသူများက ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးစဉ်။ ဓာတ်ပုံ – MFSD





တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက ရေကြီးနစ်မြုပ်မှုဖြစ်ပွားသည့်ဒေသများမှ ပြည်သူများအား ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေ ကွင်းဆင်းစစ်ဆေး၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၃

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်ရေပေးရေးလုပ်ငန်း ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်ရေပေးရေး လုပ်ငန်းပျက်စီးမှု သဘာဝဘေး ကာလအလွန်တွင် အမြန်ဆုံး ပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးနှင့် စိုက်ပျိုးသီးနှံများအတွက်လည်း အမြန်ဆုံး ပြန်လည်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ကုန်းမြို့နယ်အတွင်းရှိ ယာယီရေဘေးကာကွယ်ရေးစခန်းရှိ လူဦးရေ ၇၈၃၇ ဦးတို့အတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၈၇ ဒသမ ၆၅၅ သိန်းတန်ဖိုးရှိ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ ကြက်ဥ၊ မုန့်ကြွပ်၊ ပေါင်မုန့်၊ ဘီစကွတ်မုန့်များ၊ လူသုံးကုန်ပစ္စည်းများဖြစ်သည့် Hygienic Kits၊ အဖုံးပါပလတ်စတစ်ရေပုံး၊ တာပေါ်လင်စနှင့် ကြိုးခွေများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများမှ ချုပ်လုပ်သည့် အဝတ်အထည် အစုံ ၃၀၀ နှင့် ဖိနပ် ၇၃၃ ရန် တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး **(အပေါ်ယာပုံ)** ရေဘေးသင့်ပြည်သူများအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပိုင် ရွှေ့လျား ရေသန့်စင်ကားဖြင့် သောက်သုံးရေသန့်များ ဖြန့်ဝေပေးမှုနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာသို့ သွားရောက်ကာ လူနေအိမ်ပျက်စီးမှုများ၊ ကျွဲ၊ နွား တိရစ္ဆာန်များ သေဆုံးမှုအခြေအနေ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော ချောင်းခွကျေးရွာအဝင် နဝင်းချောင်းတံတား (ချောင်းခွ)နှင့် ချဉ်းကပ်လမ်းများ ရေတိုက်စားပျက်စီးမှုနှင့် ကျေးရွာချင်းဆက်လမ်းများ ပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး၊ သွားလာမှု အဆင်ပြေစေရေးနှင့် သန့်ရှင်းသော သောက်သုံးရေများရရှိရေး တို့ကို အမြန်ဆုံးဆောင်ရွက်ပေးသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ရှားတော-ညောင်ပင်သာ ကျေးရွာချင်းဆက် လမ်းပေါ်ရှိ ကွန်ကရစ်တံတား ပျက်စီးနေမှု၊ ရေအေး-ညောင်ပင်သာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ် ရေကျော် ရေတိုက်စားပျက်စီးမှုနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ ကျည်တောင်ကန်-ဇီးကုန်း-လေသာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဆင်သေချောင်းကူးတံတား ချဉ်းကပ်လမ်းများ ရေတိုက်စားပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှုမရှိစေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အမြန်ဆုံး ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေး ကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် ဇီးဖြူပင်၊ သစ်ဆိမ့်ပင်၊ နမ်းတော၊ ပေါ်စံခွဲကျေးရွာတို့မှ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြား၍ အဆိုပါကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၆၆ ဒသမ ၄၅ သိန်းတန်ဖိုးရှိ ဆန်အိတ် ၆၀၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပိုင် ရွှေ့လျား ရေသန့်စင်ကားဖြင့် သောက်သုံးရေသန့်များဖြန့်ဝေပေးမှု၊ ပေါ်စံခွဲကျေးရွာ၌ တပ်မတော်နှင့် လူမှုကူညီရေးအသင်းများက ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ထောက်ပံ့ဆောင်ရွက် ပေးလျက်ရှိသည့် ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၆၀ နှင့် ဆီပိဿာ ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ လယ်ဝေးမြို့နယ် ပျံချီကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေး ကာကွယ်ရေးစခန်းတွင် ရောက်ရှိနေသည့် သဖန်းပင်၊ ရေကာ၊ ဇီးဖြူတန်းကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ပျံချီကျေးရွာ ဘုန်းတော်ကြီးကျောင်း ယာယီရေဘေးကာကွယ်ရေးစခန်းရှိ သဖန်းပင်၊ ရေကာ၊ ဇီးဖြူတန်းကျေးရွာ ရေဘေးသင့် ပြည်သူများအတွက် ငွေကျပ် ၈၄ ဒသမ ၁၃ သိန်းတန်ဖိုးရှိ ဆန်၊ ဆီ အပါအဝင် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် လယ်ဝေးမြို့နယ်အတွင်း ရေဘေးသင့် ပြည်သူအားလုံးအတွက် ဆန်အိတ် ၄၇ အိတ်ကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေသန့်များ ဖြန့်ဝေပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ယာဂီမုန်တိုင်းအရှိန်ကြောင့် မိုးကြီးကာ ရေနစ်မြုပ်မှုများဖြစ်ပေါ်နေသည့် ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့မှ ကျေးရွာပြည်သူများ ယာယီရေဘေးရှောင်လျက်ရှိသော ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန်နှင့် အောင်စည်သာ ဘုန်းတော်ကြီးကျောင်းတို့၌ ဖွင့်လှစ်ထားရှိသည့် ယာယီကယ်ဆယ်ရေး စခန်းများသို့သွားရောက်ပြီး ရေဘေးရှောင်ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားများပြောကြားကာစုစုပေါင်း တန်ဖိုးငွေကျပ် ၄၇ ဒသမ ၉၀၈ သိန်းတန်ဖိုးရှိ ဆန်ရိက္ခာဖိုး နှင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့ပေးအပ်သည်။**(အပေါ်ပုံ)**



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ရေဘေးရှောင်ပြည်သူများအတွက် ဦးစိုးနိုင်နှင့် ဒေါ်အေးအေးခိုင် "အေးအေးခိုင်" ကျောက်မျက်ကုမ္ပဏီမိသားစုက ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်အိတ် ၃၀၀၊ MSG Co.,Ltd ဥက္ကဋ္ဌ ဦးရဲရင့်အောင်မိသားစုက ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ဆေးဝါးများ၊ ထာဝရဝိန်နှင့်စိန် စိန်ရွှေရတနာ ရွှေဆိုင်က ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဒေါက်တာအေးခိုင်ညွန့် မိသားစုတို့က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မရှိခဏဘုန်းကြီးကျောင်းရှိ ယာယီရေဘေးရှောင်စခန်းမှ ရေဘေးရှောင်ပြည်သူများအတွက် နေ့လယ်စာထမင်းဘူး ၃၀၀၊ အိမ်ချက်ကုလားပဲဟင်းဘူး ၁၀၀ နှင့် လူ ၄၀၀ အတွက် အဝတ်အထည်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တစ်ဆင့် ထောက်ပံ့ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

* *ကျော့ဖုံးမှ*

မရှိသေးဘဲ ၆၆ ပွဲဆက်တိုက်ရှုံးပွဲမရှိစံချိန်နှင့်အတူ ဇယားထိပ်ဆုံးတွင် ဆက်လက်ရပ်တည်လျက်ရှိသည်။

ရှမ်းယူနိုက်တက် အသင်းသည် ပွဲအစ ၉၊ ၁၂ မိနစ်မှာပင် ဘရာဇီးတိုက်စစ်မှူး ရင်တာရိုက နှစ်ဂိုးဆက်သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်း ဒုတိယပိုင်းအစတွင် သက်နိုင်က ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သည်။ ရှမ်းယူနိုက်တက် အသင်းအတွက် အနိုင်ဂိုးများကို ၇၃ မိနစ်တွင် သူရိန်ထွန်း၊ ၇၈ မိနစ်တွင် နန္ဒကျော်၊ ၈၅ မိနစ်တွင် ကျော်ကိုကိုတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်တိုက်စစ်မှူး ရင်တာရိုက ရရှိသည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက Dagon Port အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဂိုးများကို ခုနစ်မိနစ်တွင် မိုးဆွေနှင့် မိနစ် ၉၀ တွင် ပြည်မိုးတို့က သွင်းယူပြီး Dagon Portအသင်းအတွက် ချေပဂိုးကိုအောင်သူရက သွင်းယူသည်။

ပွဲစဉ် (၁၀) ဒုတိယနေ့ကို စက်တင်ဘာ ၁၄ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏာကွင်း၌ သစ္စာအားမာန်အသင်းနှင့် အား/ကာသိပ္ပံအသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ဓာတ်ပုံ-MNL**

# ဟားရစ်နှင့် ဒုတိယအကြိမ် စကားစစ်ထိုးရန် အစီအစဉ်ကို ထရမ့်ငြင်းဆို



**ဝါရှင်တန် စက်တင်ဘာ ၁၃**

သမ္မတလောင်း ဒေါ်နယ်ထရမ့်သည် အမေရိကန်ဒုတိယသမ္မတ ကာမလာဟားရစ်နှင့် နောက်ထပ်စကားစစ်ထိုးပွဲတွင် ပါဝင်တော့မည်မဟုတ်ဟု စက်တင်ဘာ ၁၂ ရက်က ကြေညာခဲ့သည်။ ပြီးခဲ့သည့်အင်္ဂါနေ့ညက ပြုလုပ်သည့် စကားစစ်ထိုးပွဲတွင် ထရမ့်ရှုံးနိမ့်သွားကြောင်း ပညာရှင်အများအပြားက ပြောသည်။

ယခုအခါ ဟားရစ်နှင့်နောက်တစ်ကြိမ် စကားစစ်ထိုးပွဲပြုလုပ်မည်မဟုတ်ဟု ထရမ့်က ပြောသည်။ ထရမ့်နှင့်ဟားရစ်တို့၏ စကားစစ်ထိုးပွဲတွင် အပြီးသတ်အနိုင်ရရှိသူမှာ ၎င်းဖြစ်ကြောင်း ထရမ့်က ပြောသည်။

နောက်တစ်ကြိမ် စကားစစ်ထိုးပွဲပြုလုပ်ရန် အကြံဉာဏ်ကို ငြင်းဆိုကြောင်း ထရမ့်၏လူမှုကွန်ရက်မီဒီယာဖြစ်သော Truth Social တွင် စက်တင်ဘာ ၁၂ ရက်က ရေးသားခဲ့သည်။ ဟားရစ်နှင့်သမ္မတဂျိုးဘိုင်ဒင်တို့က အမေရိကန်ကို ဖျက်ဆီးသူများဖြစ်ကြောင်း၊ ၎င်းတို့ကြောင့် လူလတ်တန်းစားများ ချွတ်ခြုံကျစေပြီး သန်းပေါင်းများစွာသောသူများကိုနိုင်ငံအတွင်း ဝင်ရောက်ခွင့်ပေးခဲ့သည့်အတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း ထရမ့်က ပြောသည်။

မဲဆန္ဒရှင်များအတွက် ၎င်းနှင့်ထရမ့်တို့ နောက်တစ်ကြိမ် စကားစစ်ထိုးပွဲပြုလုပ်ရမည်ဟု ဟားရစ်က ပြောသည်။ စီအင်န်အင်န်၏ စကားစစ်ထိုးပွဲစောင့်ကြည့်သူများ စစ်တမ်းကောက်ယူမှုတွင် ဟားရစ်က ပို၍ကောင်းမွန်သည့် လုပ်ဆောင်မှုပြုလုပ်နိုင်သည်ဟုယူဆသူ ၆၃ ရာခိုင်နှုန်းရှိသည်။

ဖောက်ခ်စ်နယူးစ်၏ ဖော်ပြချက်အရ မဲဆန္ဒရှင် ၁၂ ဦးမှာ စကားစစ်ထိုးပွဲတွင် ဟားရစ်အနိုင်ရရှိသည်ဟု ယုံကြည်ကြပြီး ငါးဦးမှာ ထရမ့်အနိုင်ရသည်ဟု ယူဆကြကြောင်း သိရသည်။ သမ္မတရွေးကောက်ပွဲပြိုင်ပွဲတွင် အတိုက်အခံကို မည်သို့တိုက်ခိုက်ရမည်ကို ထရမ့်မသိကြောင်း အများစုက ပြောသည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**



## (၃၆)ကြိမ်မြောက် မွန်ဂိုလီးယား အမျိုးသားစာအုပ်ပွဲတော် စတင်

**အူလန်ဘာတာ စက်တင်ဘာ ၁၃**

"စာများများ ဖတ်ကြပါစို့" ဟူသည့် ဆောင်ပုဒ်နှင့်အတူ (၃၆) ကြိမ်မြောက် မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားစာအုပ်ပွဲတော်ကို စက်တင်ဘာ ၁၃ ရက်တွင် တရားဝင်စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် နိုမီအင်ဆိုးရော့ထ်ယာတွန့်ထ်စ် (ကမ္ဘာ့စာအုပ်ယဉ်ကျေးမှုအဖွဲ့)က စီစဉ်ကျင်းပသည့် နှစ်ဝက်စာပေပွဲတော်ကို နွေဦးနှင့် ဆောင်းဦးရာသီတိုင်းတွင် ကျင်းပလေ့ရှိသည်။ သုံးရက်ကြာ ကျင်းပမည့် အဆိုပါ စာအုပ်ပွဲတော်သည် မွန်ဂိုလီးယားနိုင်ငံ၏ အရေးပါသော ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပြီး ထုတ်ဝေသူများ၊ စာအုပ်ရောင်းသူများ၊ စာရေးဆရာများနှင့် ထောင်ပေါင်းများစွာသော စာဖတ်ဝါသနာပါသူများ စုစည်းလာကြသည်။ ယင်းသည် မတူကွဲပြားသော စာပေအမျိုးအစားများကို ရှာဖွေခြင်းနှင့် စာအုပ်အသစ်များ ရှာဖွေခြင်းတို့အတွက် ထူးခြားသော အခမ်းအနားတစ်ခုအဖြစ် ပံ့ပိုးပေးသည်။

မွန်ဂိုလီးယားသမ္မတ ယူခနားခူရာဆပ်ခ်၏ ပံ့ပိုးမှုအောက်တွင် ဆောင်းဦး စာအုပ်ပွဲတော်သည် အသက်အရွယ်မရွေး စာဖတ်သူများအားလုံးအတွက် အံ့ဝင်ခွင်ကျဖြစ်စေသော အပြန်အလှန်အကျိုးပြုသည့် အလုပ်ရုံဆွေးနွေးပွဲများ အပါအဝင် စာဖတ်သူများနှင့်စာပေလောကကြား ပိုမိုနက်ရှိုင်းသော ချိတ်ဆက်မှုကို မြှင့်တင်ရန် ရည်ရွယ်ပြီး သင်ယူမှုနှင့် အပြန်အလှန် ဆက်ဆံရေးအတွက် အခွင့်အလမ်းများကို လည်း ပေးဆောင်လျက်ရှိသည်။

ထို့ပြင် မွန်ဂိုလီးယားနိုင်ငံ၏ အကြီးဆုံး စာအုပ်ပွဲတော်ဖြစ်သည့် အမျိုးသားစာအုပ်ပွဲတော်သည် စာတတ်မြောက်ရေးနှင့် နိုင်ငံတစ်ဝန်း စာဖတ်ဝါသနာပါလာစေရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဆင်ဟွာ

## အာရှဖွံ့ဖြိုးရေးဘဏ်မှ ပါကစ္စတန်အတွက် အမေရိကန်ဒေါ်လာသန်း ၃၂၀ ချေးငွေထုတ်ပေးမည်

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၃**

ပါကစ္စတန်နိုင်ငံ ကျေးလက်ဒေသများတွင် ဘေးကင်းလုံခြုံပြီး ရာသီမရွေး သွားလာနိုင်သောလမ်းများပေါ်ပေါက်လာစေရန်အတွက် ခိုင်ဘာပတ်တွန်ခါဝါခရိုင်အတွင်း လမ်းများ ပြန်လည်ပြုပြင်နိုင်ရေးချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၂၀ ထုတ်ပေးမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ)က စက်တင်ဘာ ၁၃ ရက်တွင် အတည်ပြုထုတ်ပြန်သည်။

ခိုင်ဘာပတ်တွန်ခါဝါ ကျေးလက်လမ်းများဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ရေကြီးမှုနှင့် ဆိုးရွားစွာပျက်စီးနေသည့် ခရိုင်အတွင်းရှိ ကျေးလက်လမ်းကီလိုမီတာ ၉၀၀ ခန့်ကို ပြန်လည်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းစီမံကိန်းတွင် ဝေးလံခေါင်ဖျားကျေးရွာများကို ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဈေးကွက်များသို့ ချိတ်ဆက်ပေးမည့် အဓိကလမ်းကြောင်းများကို ဖော်ဆောင်ပေးမည်ဖြစ်ပြီး ရာသီဥတုဒဏ်ခံနိုင်သောဒီဇိုင်း၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် ရေရှည်တည်တံ့သော ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာအလေ့အကျင့်များ ပေါင်းစပ်ထည့်သွင်းရန် အစီအမံများ ပါဝင်သည်။

အဆိုပါပြည်နယ်၏ အစိတ်အပိုင်းများတွင် နှစ်စဉ်မိုးရွာသွန်းမှုနှင့် အပူချိန်များ သိသိသာသာ တိုးမြှင့်လာပြီး ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများမရှိခြင်းကြောင့် လူများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ဘေးအန္တရာယ်များ၏ သက်ရောက်မှုကို တိုးမြှင့်လာစေလျက်ရှိသည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က ဆိုသည်။

၂၀၁၀ ပြည့်နှစ်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်စဉ်များသည် လမ်းကွန်ရက်ကို သိသိသာသာပျက်စီးစေခဲ့ပြီး ဆက်သွယ်ရေးကို နှောင့်နှေးစေကာ သယ်ယူပို့ဆောင်ရေးစရိတ်များ တိုးမြှင့်လာကြောင်း အေဒီဘီမှ ထပ်လောင်းပြောကြားခဲ့သည်။ ယခုစီမံကိန်းသည် ပြည်နယ်လမ်းကွန်ရက်၏ ရာသီဥတုဒဏ်ခံနိုင်မှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးရန် လုပ်ဆောင်ရာတွင် အစိုးရအား နည်းပညာနှင့် ငွေကြေးပံ့ပိုးပေးမည်ဟု ကတိပြုထားသည်။

**ဆင်ဟွာ**

## ကောက်ရိတ်သိမ်းချိန် စတင်နေပြီဖြစ်သည့်အတွက် ဂျပန်နိုင်ငံ၏ ဆန်စပါးပြတ်လပ်မှု သက်သာလာဖွယ်ရှိ

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံရှိ ဆန်စပါးထုတ်လုပ်ရေးဒေသရှိ လယ်သမားများသည် ကောက်ရိတ်သိမ်းမှု စတင်နေပြီဖြစ်ပြီး ယခုနှစ် သီးနှံများကို တင်ပို့နေပြီဖြစ်ရာ နိုင်ငံတစ်ဝန်း ဆန်ပြတ်လပ်မှုများကို ဖြေလျှော့ရန် ကူညီပေးနိုင်မည်ဖြစ်သည်။

နီအီဂီတာခရိုင်တွင် ၎င်းတို့၏ နာမည်ကြီး ကိုရှီဟီကာရီဆန်ကို စတင် တင်ပို့နေပြီဖြစ်သည်။ အဆိုပါစပါးအမျိုးအစားကို ဒေသတွင် ၆၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးထားသည်။

ယခုနှစ်အတွက် တန်ချိန် ၁၃၀၀၀၀ ခန့်ကို တင်ပို့ရန် စီစဉ်ထားသည်ဟု ဒေသတွင်း စိုက်ပျိုးရေးအသင်းက ပြောသည်။ ရိတ်သိမ်းပြီးခါစဆန်များ စတိုးဆိုင်များသို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် တိုကျိုတွင် ဆန်ပြတ်လပ်မှု သက်သာနေပြီဖြစ်သည်။ တိုကျိုရှိ စူပါမားကတ်တစ်ခုတွင် ရိတ်သိမ်းပြီးခါစ ဆန်သစ်ကို ကြော်ငြာထားသော်လည်း ဈေးနှုန်းမြင့်မားသည်။

စူပါမားကတ်အတွင်းရှိ စင်များတွင် ဆန်များ လုံလုံလောက်လောက်တင်ထားနိုင်ရေး လုပ်ဆောင်လျက်ရှိသည်ဟု စူပါမားကတ်အော်ပရေတာကပြောသည်။ ဆန်များ လုံလုံလောက်လောက်ရရှိသည့်အခါ အရောင်းမြှင့်တင်ရေးများ ပြန်လည်ပြုလုပ်မည်ဟု ၎င်းကဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန် လေယာဉ်တင်သင်္ဘော နှစ်စင်းအနက်မှ တစ်စင်း အရှေ့အလယ်ပိုင်းမှ ပြန်လည်ထွက်ခွာ

**တိုကျို စက်တင်ဘာ ၁၃**

အရှေ့အလယ်ပိုင်းတွင် တပ်စွဲထားသော အမေရိကန်လေယာဉ်တင် သင်္ဘောနှစ်စင်းအနက်မှ တစ်စင်းမှာ ပြန်လည်ထွက်ခွာသွားပြီဖြစ်သော်လည်း အစ္စရေးကို လက်တုံ့ပြန်နိုင်သည့် အီရန်၏ လှုပ်ရှားမှုများကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ပြောကြားသည်။

ယူအက်စ်အက်စ် သီအိုဒို ရုစဗဲ့ထ် လေယာဉ်တင်စစ်သင်္ဘောအုပ်စုသည် အင်ဒို - ပစိဖိတ်ဒေသသို့ စတင် ထွက်ခွာလာကြောင်း စက်တင်ဘာ ၁၃ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန သတင်းပြန်ကြားရေးဝန်ကြီး ပတ်ရိုင်ဒါက ပြောကြားသည်။

အဆိုပါတပ်ဖွဲ့ကို ယူအက်စ်အက်စ် အေဗရာဟင်လင်ကွန်း လေယာဉ်တင်စစ်သင်္ဘောအုပ်စု မရောက်ရှိလာမီကတည်းက အရှေ့အလယ်ပိုင်းတွင် တပ်ဖြန့်ချထားခဲ့သည်။

ဇူလိုင်လက တီဟီရန်တွင် ဟားမားစ်ခေါင်းဆောင် အစ္စမေးလ် ဟာနီရာ့ရှ် သတ်ဖြတ်ခံရပြီးနောက် လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးကို တိုက်ခိုက်မည်ဟု အီရန်က ကြေညာခဲ့သဖြင့် အေဗရာဟင်လင်ကွန်းလေယာဉ်တင်သင်္ဘောကို အရှေ့အလယ်ပိုင်းသို့ စေလွှတ်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ အစ္စရေးတို့ လေကြောင်းတိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံး

**ဘေရွတ် စက်တင်ဘာ ၁၃**

လက်ဘနွန်နိုင်ငံတောင်ပိုင်း နာဂါတီမြို့၌ စက်တင်ဘာ ၁၂ ရက်က အစ္စရေးတို့၏လေကြောင်းတိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်ဟု လက်ဘနွန်သတင်းရင်းမြစ်များအရ သိရသည်။

ဒဏ်ရာရရှိသူများထဲတွင် ကလေးတစ်ဦးပါဝင်ကြောင်း လက်ဘနွန်ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန အရေးပေါ်ကိစ္စရပ်များ စီမံခန့်ခွဲရေးစင်တာက အတည်ပြုခဲ့သည်။ အစ္စရေးတို့က နယ်စပ်မြို့ငါးမြို့နှင့်ကျေးရွာများတွင် လေကြောင်းတိုက်ခိုက်မှု ခုနစ်ကြိမ်ပြုလုပ်ခဲ့ကြောင်း အဆိုပါသတင်းရင်းမြစ်က ပြောသည်။ လက်ဘနွန်နှင့် အစ္စရေးနယ်စပ်တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၈ ရက်မှ စတင်ကာ တင်းမာမှုများ ပြင်းထန်လာခဲ့သည်။

ဟစ်ဇ်ဘိုလာအုပ်စုက ဟားမားစ်တို့ဘက်မှ ရပ်တည်သည်ကိုပြသသည့်အနေဖြင့် အစ္စရေးနိုင်ငံဘက်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှုစတင်ခဲ့သည့် အချိန်မှစတင်ကာ နယ်စပ်၌ တင်းမာမှုများပြင်းထန်လာခဲ့သည်။

**ဆင်ဟွာ**

# နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့မှုကို လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၃** နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် မိုးအဆက် မပြတ်ရွာသွန်းမှုများ ဖြစ်ပွားခဲ့ပြီး ချောင်းရေနှင့် မြစ်ရေများ မြင့် တက်လာမှုနှင့်အတူ မြို့နယ်အချို့ ရှိရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ကာ ကားလမ်း၊ ရထားလမ်းများ ရေကျော်ခြင်း၊ တံတားအချို့ ပျက်စီးခြင်း၊ လျှပ်စစ်မီးတိုင်များ နှင့် အဆောက်အအုံများ ထိခိုက် ပျက်စီးခြင်း၊ လူနေအိမ်များ ပျက်စီးခြင်းစသည့်တို့ ဖြစ်ပွားခဲ့ သည်။

ထိုသို့ နေပြည်တော်ကောင်စီ နယ်မြေအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာ များမှကူညီရွှေ့ပြောင်းရန် လိုအပ် နေသူများကို အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ် ရွှေ့ပြောင်း ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော် ကောင်စီနယ်မြေ အတွင်းရှိ ရေကြီးရေလျှံဖြစ်ပေါ် နေသည့် ဇေယျာသီရိမြို့နယ် ချောင်းကမ်းကြီး၊ ရွာသစ်ကြီး၊ စည်ပင်ကြီး၊ ညောင်ပင်ကြီး ၊ ထိန်ပင်၊ ရှမ်းရွာ၊ သာယာအေး၊ ပေါက်တော၊ အိုင်ဇောက်၊ မွန်း တည့်ခွင်နှင့် စည်ပင်သာကျေးရွာ၊ ပျဉ်းမနားမြို့နယ် ဆင်သေ၊ ဈေးကုန်း၊ မအူနှင့် ကံဦးကျေးရွာ၊ လယ်ဝေးမြို့နယ် အောင်ကုန်း၊ ပေါစံခေါ၊ သစ်ဆိမ့်ပင်၊ ဇီးဖြူပင်၊ ဂုံမင်းအိုင်၊ ဟေမန်၊ ဗောဓိကုန်းနှင့် ကြာကန်ကျေးရွာတို့၌ တပ်မ တော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့် လူမှုဝန်ထမ်းကယ်ဆယ် ရေးအသင်း/ အဖွဲ့များက လိုအပ် သည့် ကူညီကယ်ဆယ်ရွှေ့ပြောင်း ပေးခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံဝေငှပေးခြင်းများ တက် ကြွစွာ ဆောင်ရွက်ပေးလျက် ရှိသည်။ ထို့အပြင် ရေများ ပြန်လည် ကျဆင်းသွားသည့် နေရာများရှိ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများအား ဖယ် ရှားပေးခြင်းအပါအဝင် ကူညီ ကယ်ဆယ်ရေးနှင့် သန့်ရှင်းရေး လုပ်ငန်းများကို အင်တိုက် အားတိုက် ဝိုင်းဝန်းဆောင်ရွက် ပေးလျက်ရှိသည်။



ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး တံတား ဦးမြို့နယ်၊ ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ စကား အင်းအဝိုင်းအနီးနှင့် ပန်းယျ ကျေးရွာအနီး၊ မိတ္ထီလာမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ဝမ်းတွင်း မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပဲခူး တိုင်းဒေသကြီး တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ကရင် ပြည်နယ် ဘားအံမြို့နယ် အခြား မြို့နယ်များရှိ ရေဘေးသင့် ပြည်သူများအား သက်ဆိုင်ရာ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတလူမှုရေး အသင်းများ က ရေဘေးလွတ်ကင်းရာ နေရာ များ သို့ ကူညီရွှေ့ပြောင်းပေး ပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြ သည်။



ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရွှေ့ပြောင်းပေးစဉ်။



ရေကြီးနစ်မြုပ်ခဲ့သည့်လမ်းပေါ်မှ သစ်ပင်သစ်ကိုင်းများ၊ ရွှံ့နွံနှင့် အမှိုက်များကို တပ်မတော်သားများကရှင်းလင်းဆောင်ရွက်ပေးစဉ်။

ထို့ပြင် နေပြည်တော်ကောင်စီ နယ်မြေနှင့် သက်ဆိုင်ရာ တိုင်း ဒေသကြီးနှင့် ပြည်နယ်များ အလိုက်တွင် ယာယီရေဘေးရှောင် စခန်းများ ဖွင့်လှစ်ပေးထားပြီး လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ကို ဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် ပြည်သူများက စားသောက်ရေး အခက်အခဲ မရှိစေရေးအတွက် ထမင်းဘူးများ၊ ရေသန့်များနှင့် အခြားစားသောက်ဖွယ်ရာများကို လိုက်လံဝေငှပေးလျက်ရှိသည်။

ထိုသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု များကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယ ဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် များမှ တိုင်းမှူးများနှင့် ဌာန ဆိုင်ရာ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စား သောက်ဖွယ်ရာများ ပေးအပ်၍ ရင်းရင်းနှီးနှီးအားပေးစကားများ ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ညောင်တုန်းမြို့နယ် ပန်းတိုင်စစ်ဆေးရေးဂိတ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မှတ်ပုံတင်နှင့် ခရီးသွားထောက်ခံစာမပြနိုင်သော ခရီးသွားလူငယ်တချို့ကို ကားပေါ်မှဆွဲချကာ တပ်သားသစ်များအဖြစ် စုဆောင်းနေကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃** ဧရာဝတီတိုင်းဒေသကြီး ညောင် တုန်းမြို့နယ် ပန်းတိုင်စစ်ဆေး ရေးဂိတ်တွင် စက်တင်ဘာ ၁၀ ရက်တွင် ကျုံပျော်မြို့နယ်မှ ရန်ကုန်မြို့သို့ ထွက်ခွာသည့် ခရီးသည်တင်ကားကို လုံခြုံရေး




တပ်ဖွဲ့ဝင်များကစစ်ဆေး၍ မှတ်ပုံ တင်နှင့် ခရီးသွားထောက်ခံစာ မပြနိုင်သော ခရီးသွားလူငယ် တချို့ကို ကားပေါ်မှ ဆွဲချဖမ်းဆီး ပြီး စစ်မှုထမ်းရန် တပ်သားသစ် များအဖြစ် စုဆောင်းမှုများ ရှိနေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများမှ သတင်း အမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရ သည်။

ညောင်တုန်းမြို့နယ် အတွင်း အကြမ်းဖက်သမားများ မြို့၊ ရွာ များအတွင်း ဝင်ရောက်၍ တရား မဝင် လက်နက်ခဲယမ်းများ သယ်ဆောင်ကာ အကြမ်းဖက် လုပ်ရပ်များ မလုပ်ဆောင်နိုင် စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ စစ်ဆေးရှာဖွေခြင်း များ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်နေမှုများကို တရားမဝင်ပြည်ဖျက်မီဒီယာများ က အကြမ်းဖက်သမားများ လွယ်ကူစွာ ဝင်ထွက်သွားလာ နိုင်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင် များအပေါ် ပြည်သူလူထုမှ အထင်မြင်လွဲမှားစေရန် ရည်ရွယ် ၍ ယခုကဲ့သို့ မှန်ကန်မှုမရှိသည့် သတင်းဓာတ်ပုံများဖြင့် သတင်း မှားများကို ဝါဒဖြန့်နေခြင်း ဖြစ်ကြောင်း လုံခြုံရေးတာဝန် ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ် ပေါက်တောကျေးရွာအုပ်စုတို့တွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအပတ်စဉ်(၅) တက်ရောက်ရန်အတွက် အသက်မပြည့်သေးသည့် လူငယ်များကို အသက်လိမ်၍ မှတ်ပုံတင်ပြုလုပ်ပေးပြီး သင်တန်း တက်ရောက်ရမည်ဟု သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၁၃** ပဲခူးတိုင်းဒေသကြီး အုတ်တွင်း မြို့နယ် ပေါက်တောကျေးရွာ အုပ်စုတို့တွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအပတ်စဉ် (၅) တက် ရောက်ရန်အတွက် အသက်မပြည့် သေးသည့် လူငယ်များကို အသက် လိမ်၍ မှတ်ပုံတင်ပြုလုပ်ပေးပြီး သင်တန်း တက်ရောက်ရမည်ဟု သတင်းတု၊ သတင်းအမှားများဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများ က ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိ ရသည်။

အဆိုပါသတင်းသည် မှန်ကန် မှုမရှိကြောင်း၊ တရားမဝင်ပြည်ဖျက် မီဒီယာများက ပြည်သူများ အထိတ်တလန့် ဖြစ်စေရန်နှင့် လူငယ်လူရွယ်များကို လမ်းမှား ရောက်စေရန်အတွက် သွေးထိုး လှုံ့ဆော် ဝါဒဖြန့်နေသည့် သတင်းအမှားသာ ဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၅) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြား နိုင်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များသည် တာဝန်ကျရာ တပ်ရင်း တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံ ရေးတာဝန်များကို ကျေပွန် စွာ ထမ်းဆောင်နေကြကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတိ အလင်း သတ်မှတ်ဖော်ပြထားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် ခရိုင်ပြည်သူ့




စစ်မှုထမ်းဆင့် ခေါ်ရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့် ခေါ်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ပြဋ္ဌာန်းထားသည့် ဥပဒေများ အတိုင်းသာ တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက် ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄) ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့် တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မြစ်ရေကြီးမှု အခြေအနေများ

**နေပြည်တော် စက်တင်ဘာ ၁၃**

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၅၄ ပေ (၈၇၀ စင်တီမီတာ) အထက်သို့ သုံးပေကျော် (၉၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ခုနစ်ပေခန့် (၂၁၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ နှစ်ပေခွဲကျော် (၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ပဲခူးမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ) အထက်သို့ တစ်ပေခွဲခန့် (၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ခြောက်ပေခွဲကျော်(၂၀၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်၊ ပဲခူးမြို့နယ်၊ ဘားအံမြို့နယ်၊ မြစ်ငယ်မြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ဒုဋ္ဌဝတီမြစ်ရေ ရွှေစာရံမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ ညနေ ၆ နာရီခွဲတိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၄ ဒသမ ၄၅ ပေ (၁၀၅၀ စင်တီမီတာ) အောက် တစ်ပေခွဲကျော် (၅၂ စင်တီမီတာ) တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေစာရံမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွား၍ စက်တင်ဘာ ၁၀ ရက်မှ ၁၃ ရက်တို့တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တာဝန်ရှိသူများက ဆောင်ရွက်ပေးနေမှုကိုတွေ့ရစဉ်။**

(ကျိုင်းတုံမြို့နယ်တွင် စက်တင်ဘာ ၈ ရက်မှ စတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်လပ်ချောင်းမြင့်တက်လာပြီး နေအိမ်အချို့ ပြိုကျပျက်စီးခြင်း ကျိုင်းတုံ-လွိုင်မွေကားလမ်း ဝမ်ကန်ရွာအနီး နမ့်လပ်ချောင်းကူးတံတား ချောင်းရေမြင့်တက်မှုကြောင့် ကျိုးကျပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ရေလွတ်ရာယာယီခိုလှုံရေးနေရာများသို့ ပြောင်းရွှေ့နေထိုင်စေခြင်း၊ ထမင်းဘူး၊ သောက်ရေသန့်များ ဝေငှပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။)

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးဆီသို့

ဒေါက်တာမောင်သင်း

**“တို့စာ”**
လူဖြစ်ပါလျက်
စာမတတ်သူ၊ မောင်မင်းမူက
လူမပီသ၊ ဂုဏ်နိမ့်ကျ၍
လူလိုသိ၍၊ လူ၏ဂုဏ်ရောင်
ထွန်းလင်းပြောင်ဖို့
အမှောင်ကိုခွာ
ကျောင်းတော်သာတွင်
ပညာသင်ကြ၊ စာဖတ်ကြ။

**တင်မိုး**

လူနှင့် တိရစ္ဆာန်တို့၏ အဓိကကွာခြားချက်မှာ တိရစ္ဆာန်လောကတွင် ဆရာကြီးတင်မိုး ရေးဖွဲ့သလို **“တို့စာ”** ဟု ညွှန်းရလောက်အောင် “စာပေ”ဟူသည်မရှိပေ။ စာပေမရှိ၍ စာလည်းမဖတ်တတ်ကြပေ။ လူသားမှန်လျှင် စာပေများရှိသဖြင့် စာပေတစ်မျိုးမျိုးကို ဖတ်တတ်ကြသည်။ လူဖြစ်ပြီး စာမဖတ်တတ်လျှင် လူ၏ရုပ်သဏ္ဌာန်သာရှိပြီး တိရစ္ဆာန်အသိဉာဏ်လောက်သာ ပိုင်ဆိုင်သည့် လူသားဖြစ်သွားပေလိမ့်မည်။

စာမတတ်၊ ပေမတတ် တိရစ္ဆာန်လို လူသားများလာလျှင် လူ့အဖွဲ့အစည်းတွင် အမှားနှင့် အမှန်၊ ဓမ္မနှင့် အဓမ္မ၊ တရားမှုနှင့် မတရားမှု၊ တိုင်းကျိုးပြည်ပြုလား၊ တိုင်းဖျက်ပြည်ဆူလား ခွဲခြားနိုင်မှုလွန်စွာအားနည်းသွားနိုင်ပြီး ပြောသမျှယုံ၊ မှိုင်းတိုက်သမျှအဟုတ်ထင်၍ “စာပေနှင့်မီဒီယာ အဆိပ်သင့်ဒဏ်” ခံကြရ၏။ ဤသည်ကို ဆရာကြီးက “လူလိုသိ၍ လူ၏ ဂုဏ်ရောင်ထွန်းလင်းပြောင်ဖို့ အမှောင်ကိုခွာ၊ ကျောင်းတော်သာတွင်၊ ပညာသင်ကြ၊ စာဖတ်ကြ” ဖွဲ့ဆိုခဲ့ခြင်းဟု မြင်မိပါသည်။

စာသင်ရုံ၊ စာဖတ်တတ်ရုံအဆင့်တွင်၌သာ ရပ်ထား၍မရပေ။ စာဖတ်ခြင်းအလုပ်ကိုလည်း လူသား၏ဘဝတစ်သက်တာ ဆက်လက်လုပ်ဆောင်ရမည့်အလုပ်ဟု တိုက်တွန်းထားပေသည်။ ဤသည်မှာ ကိုယ့်ကိုယ်ကိုယ် တိုးတက်ရန် အမြဲဖြည့်ဆည်းနေခြင်း (သို့) ဖြည့်ဆည်းသက်ဖြင့် အသက်ရှင်နိုင်အောင်ကြိုးစားနေသူသည် လူသားပီသသူပါ။ “စာဖတ်ခြင်း”ဖြင့် “မိမိကိုယ်ကို ဖြည့်ဆည်းခြင်း”ကို လုပ်ဆောင်နေခြင်းသည် လူသားလောက၏ ဖွံ့ဖြိုးမှု၊ တိုးတက်မှုနှုန်းအရှိန်ကို မြှင့်တင်ပေးလိုက်သဖြင့် အလျင်အမြန်တိုးတက်စေ၏။ စာဖတ်၍ မိမိကိုယ်ကို ဖြည့်ဆည်းခြင်း၏ ရလဒ်ဖြစ်ပေသည်။ စာတတ်ခြင်း၊ စာဖတ်တတ်ခြင်းသည် လူသား၏ ထူးခြားသည့် ဂုဏ်အင်္ဂါဖြစ်ပါ၍ လူသားအားလုံး စာဖတ်တတ်ရန် ဝိုင်းဝန်းလှုံ့ဆော်ကြသည်။

**ပိုသာသော နောက်မျိုးဆက်များမို့ ဦးညွှတ်ရခြင်းပါ**

ကျွန်တော်သည် “ကျောင်းစာကြည့်တိုက်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး” လှုပ်ရှားမှုအဖြစ် မိတ္ထီလာတွင် အခြေခံပညာကျောင်းသား ကျောင်းသူများနှင့် ဆွေးနွေးခဲ့သည်ကို ပြန်လည်ဖောက်သည်ချလိုပါသည်။ ဆွေးနွေးပွဲစလျှင် ကျွန်တော်က ပရိသတ်ကို သုံးနေရာခွဲ၍ ဦးညွှတ်ပါသည်။ ပြီးနောက် ကျွန်တော်က ဘာကြောင့်ဦးညွှတ်ရသည်ကို ရှင်းပြပါသည်။ ပုံမှန်အားဖြင့် တစ်ကြိမ်သာဦးညွှတ်လေ့ရှိပါသည်။

ဦးညွှတ်ရသည့်သူများမှာ “ကိုယ့်ထက် အသက်အားဖြင့်၊ ဝါအားဖြင့်၊ ဂုဏ်အားဖြင့်၊ သီလအားဖြင့်၊ ပညာအားဖြင့်ကြီးသူများ” ကို လေးစားရိုသေခြင်းဖြစ်ပါသည်။ ကျန်သည့် နှစ်ကြိမ်ကရော ဘာကြောင့်ဦးညွှတ်သလဲဟု မေးသောအခါ “အနာဂတ်အတွက် အားထားရမည့် နောက်မျိုးဆက်များမို့ သူတို့ကို ဦးညွှတ်တာပါ”တဲ့။ မှန်လိုက်လေ၊ နောက်မျိုးဆက်ဆိုတာ အရင်မျိုးဆက်ထက် ပိုတော်လို့ပါ။ တော်လည်းတော်ကြသလို၊ တော်လည်းပိုတော်ကြဖို့ နောက်မျိုးဆက်မှာ တာဝန်ရှိပါတယ်။ လူသားရဲ့နောက်မျိုးဆက်က ပိုတော်ခဲ့လို့သာ လူသားမျိုးနွယ်တွေ တစ်ဆက်ပြီးတစ်ဆက် တိုးတက်ခဲ့တာပါ။ ကိုယ့်ထက်သာသည့် နောက်မျိုးဆက်ဖြစ်၍ ဦးညွှတ်အလေးပြုရခြင်းပါ။ ဘာကြောင့်နောက်မျိုးဆက်က ပိုတော်ရပါသလဲဆိုတာကို မမေးဖြစ်ခဲ့ပါ။ “ဖြည့်ဆည်းသက်” များမှုကြောင့်ပါ။

**ပညာရှိမျိုးဆက်များဖြစ်၍ ဦးညွှတ်ရခြင်းပါ**

တတိယအကြိမ် ဦးညွှတ်ခြင်းကရောဟု မေးရာမဖြေကြပေ။ ဒါနဲ့ ကျွန်တော်က “မြန်မာ့သမိုင်းမှာ ပညာရှိအမတ်တွေ များစွာပေါ်ခဲ့ဖူးတယ်။ အဲဒီထဲကမှ မင်းလေးပါးအကိုးကွယ်ခံ အမတ်ကြီးတစ်ဦး ရှိခဲ့ဖူးတယ်။ ဘယ်သူလို့ထင်သလဲဟု မေးသော်လည်း မဖြေကြပေ။ ကျွန်တော်က မောင်တို့မယ်တို့ရဲ့အမျိုးဆိုမှ “ဝန်ဇင်းမင်းရာဇာ”တဲ့။ မင်းလေးပါးကိုးကွယ်ခံပညာရှိကြီး၏ မျိုးဆက်သစ်များမို့ “ဘုရားသား၊ ဘုရင့်သား၊ မြွေသားပေါက်အား သေးငယ်သည်ဟု မလေးမစား မပြုအပ်ဆိုထားတာမို့” ယခုပွဲသို့ ရောက်လာကြသည့် မျိုးဆက်သစ်များအနက် တစ်မူထူးသည့် စာပေလေ့လာလိုက်စားသူ၊ စာဖတ်သူ၏ “ပညာရှိမျိုးဆက်များ”ဖြစ်၍ ဦးညွှတ်ဂုဏ်ပြုရခြင်း ဖြစ်ပါသည်။

**စာဖတ်သည့်အကျင့်ကောင်းကြောင့်**
**ပညာရှိအမတ်ကြီးဘဝရောက်ရတာ**

မောင်တို့မယ်တို့ခင်ဗျာ၊ မောင်ညိုတို့ရွာလေးနဲ့ သူ့ဘဝအစကိုပြန်ပြောင်းကြည့်ရအောင်။ သူ့ရွာလေးမှာ အာဏာအရှိဆုံးက သူ့ယောက္ခမသူကြီး၊ ရွာမှာအချမ်းသာဆုံးက တောသူဌေး၊ တစ်ရွာလုံးက ကုန်သွယ်၊ လယ်လုပ်၊ ခေါမခုတ်ဘဝဖြင့် လုပ်ကိုင်စားသောက်နေကျပါ။ မောင်ညိုကိုယ်တိုင်လည်း လယ်သမားပါ။ သူ့မှာ တစ်ပါးသူတွေထက် ထူးခြားတာရှိတယ်။ အားတဲ့အချိန်မှာ မောင်ညို ဘာလုပ်သလဲဟုမေးရာ “စာဖတ်ပါတယ်”တဲ့။ ဟုတ်ပါသည်၊ စာပေလေ့လာမှတ်သားခြင်း၊ စာဖတ်ခြင်းပါ၊ လေ့လာမှတ်သားထားသမျှ စာတိုပေတိုများကို ခေါင်မိုးမှာထိုးထားသဖြင့် “စာတိုညို” ဟု တစ်ရွာလုံးက ခေါ်တွင်ခဲ့ကြသည်။

အချိန်တန်၍ မိတ္ထီလာကန်ပေါင်ပေါ်ရှိ “နတ်ကွန်း” အကြောင်းဘုရင်က မေးမြန်းရာမှ နတ်ကွန်းမဟုတ်ကြောင်း၊ အရှင့်ဘိုးဘေးဘုရင်တစ်ပါး၏ မိဖုရားသည် ဤနေရာတွင် ကံတော်ကုန်သဖြင့် အမှတ်တရရွှေရုပ်တုလုပ်၍ ထားခဲ့ကြောင်း၊ တူးဖော်ပါက သိနိုင်ကြောင်း လျှောက်ထားသည်ကို တူးဖော်ကြည့်ရာ “မိဖုရားရုပ်တု”ကို တွေ့ရသဖြင့် ဘုရင်က နန်းတော်သို့ ပညာရှိအဖြစ် ခေါ်ဆောင်သွားရာမှ “မင်းလေးဆက် အကိုးကွယ်ခံပညာရှိအမတ်”အဖြစ် သမိုင်းမှာပေါ်ထွန်းလာခဲ့ပါသည်။

အကယ်၍ မောင်ညိုသည် တစ်ရွာလုံးမှာ အာဏာအရှိဆုံးဖြစ်သည့် သူ့ယောက္ခမ၏ သူကြီးအလုပ်ကိုသာ ဝါသနာပါခဲ့လျှင် ဒါမှမဟုတ် ရွာမှာအချမ်းသာဆုံးဖြစ်သော တောသူဌေးလောက်သာ ရည်မှန်းပြီး ပိုက်ဆံလောက်သာရှာခဲ့လျှင် “မင်းလေးဆက် ကိုးကွယ်ခံပညာရှိအမတ်ကြီး ဝန်ဇင်းမင်းရာဇာ”ဆိုတာ မြန်မာ့သမိုင်းမှာ ရှိခဲ့မှာမဟုတ်ပါ။

သူဝါသနာပါတာက “စာဖတ်တာ၊ ကိုယ့်အရည်အချင်းကို အမြဲဖြည့်ဆည်းတာပါ” အဲဒီအခါမှာ ရွာက သူ့ယောက္ခမ အိပ်မက်တောင်မမက်နိုင်သည့် အမတ်ကြီး၏ အာဏာ၊ ရွာက တောသူဌေးများ ဘယ်လိုမျှလိုက်မမီသည့် ရွှေနန်းတော်ကအမတ်ကြီး၏ စည်းစိမ်ကို ခံစားခဲ့ရသည်။ နိမ့်ကျသောပတ်ဝန်းကျင်မှ **“စာဖတ်ခြင်း”**၊ **“ကိုယ့်ကိုယ်ကိုယ် ပညာအမြဲ ဖြည့်ဆည်းခြင်း”** ဖြင့် ရုန်းထွက်နိုင်ခဲ့၍သာ ရွှေနန်းတော်တွင် ဘုရင်လေးဆက် အကိုးကွယ်ခံဘဝဖြင့် ပျော်စံနိုင်ခဲ့ရခြင်းဖြစ်ပါသည်။

**ဖြည့်ဆည်းသက်ဖြင့် အသက်ရှင်နိုင်မှလူပီသမှာ**

ကျောင်းသားလူငယ်များနှင့်တွေ့တိုင်း လူနှင့် တိရစ္ဆာန် ဘာကွာသလဲလို့ မေးကြည့်သည့်အခါ “အသိဉာဏ်ကွာတယ်” ဟုသာ ဖြေကြသည်၊ ယခုပွဲမှာလည်း အဆိုပါအဖြေမျိုးကိုသာ ရကြသည်၊ သမားရိုးကျအဖြေပါ။ ခေတ်တွေ၊ အမြင်တွေ၊ အတွေးအခေါ်တွေပြောင်းသော်လည်း “သင်ပြောင်းမမြင်လျှင်၊ ပြောင်းမတွေးတတ်သေးလျှင်၊ သင်လည်းမပြောင်းလဲနိုင်သေးပါ။ ထို့အတူ လူ့အဖွဲ့အစည်းလည်း မပြောင်းလဲနိုင်ပါ။

ဥပမာ– ခွေးလည်း အသိဉာဏ်ရှိ၏၊ သခင်ကို မကိုက်၊ မဟောင်ပါ၊ ထို့အတူ သိနေသောလူကိုလည်း မဟောင်ပါ။ ထို့အတူ လေ့ကျင့်ပေးထားသောခွေးများသည် မိုင်းရှိ၊ မရှိသိ၏။ မူးယစ်ဆေးဝါး ဟုတ်၊ မဟုတ်ရှာတတ်၏။ တိရစ္ဆာန်မိဘများက အစာရှာရန်၊ အန္တရာယ်ရှောင်ကွင်းရန်၊ သားသမီးများကို စောင့်ရှောက်ရန်သာ သင်ပေး၏၊ သူတို့၏ တစ်ဘဝစာအသိနှင့် အတွေ့အကြုံလောက်ကိုသာ သူတို့၏ နောက်မျိုးဆက်တစ်ဆက်လောက်ကိုသင်ပေး၏၊ တစ်ဘဝစာ အသိထက်မပိုပေ။

*စာမျက်နှာ ၁၇ သို့*





နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့တို့တွင် ၂၀၂၄ ခုနှစ် ဧပြီလအတွင်းက အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများ ကျင်းပဆောင်ရွက်စဉ်။

**❍ မိမိ၏ အသိဉာဏ်ကို သူတို့တစ်ဘဝစာလောက်သာ အသုံးချရန် မဟုတ်ပေ။ လူသားနောက်မျိုးဆက်များအတွက် မှတ်တမ်းထားခဲ့၏၊ သူတို့၏ ဘဝအတွေ့အကြုံမှ သိသမျှ၊ မှတ်သားသမျှကို နောက်မျိုးဆက်များအား ဆောင်ရန်၊ ရှောင်ရန်၊ ဓမ္မနှင့် အဓမ္မ ခွဲခြားတတ်ရန်၊ လူ့အဖွဲ့အစည်းအကျိုးပြုမှုနှင့် ဖျက်ဆီးမှုဆိုတာ ဆုံးဖြတ်တတ်ရန်၊ တိုင်းကျိုးပြည်ပြုလား၊ တိုင်းဖျက်ပြည်ဆူလား မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိရန် မှတ်တမ်းထားခဲ့၏။ ဤသည်ကို “စာပေ”ဟုခေါ်သည်။ နောက်မျိုးဆက်များက “ထိုမှတ်တမ်းကို ဖော်ထုတ်နိုင်စွမ်းရှိ” ဘိုးဘွားဘီဘင်တို့ထံမှ၊ ထို့အတူ မိမိနှင့် ခေတ်ပြိုင်များထံမှ သူတို့၏ အတွေ့အကြုံ၊ အောင်မြင်မှု၊ ကျရှုံးမှု၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို မိမိကိုယ်တိုင် မကြုံတွေ့လိုက်ရဘဲ စာပေမှတစ်ဆင့် သိခွင့်၊ နားလည်ခွင့်၊ အသုံးချခွင့်ရခဲ့**

# လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် ဘဝရပ်တည်ရန် ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ လူကုန်ကူးမှုများ လျော့နည်းကျဆင်းအောင် ထိန်းချုပ်နိုင်မည်

မော်လမြိုင် စက်တင်ဘာ ၁၃

**၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် ကျရောက်သည့် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်း ဦးသာညင်းခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ခေတ်သစ်ကျေးကျွန်စနစ်အသွင်ဖြင့် ပြန်လည်ပေါ်ပေါက်လာသည့် လူကုန်ကူးမှုများသည် ပုံသဏ္ဌာန်နည်းလမ်းမျိုးစုံဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဖြစ်ပွားလျက်ရှိရာ လူကုန်ကူးမှုဒဏ်ကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ခံစားနေရပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျသော နိုင်ငံများသည် ပိုမိုခံစားနေရသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ လူကုန်ကူးမှု ကျူးလွန်သူများအား ဥပဒေနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ခြင်း၊ လူကုန်ကူးခံရသူများအား ကာကွယ်စောင့်ရှောက်ပေးခြင်းနှင့် ဘဝရပ်တည်ရန် ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ လူကုန်ကူးမှုများ လျော့နည်းကျဆင်းအောင် ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံမှပေးပို့သော သဝဏ်လွှာအား မွန်ပြည်နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ဖတ်ကြားသည်။

ဆက်လက်၍ (၁၂) ကြိမ်မြောက် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း **(အပေါ်ယာပုံ)**၊ အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသော (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

---

## စစ်ကိုင်းတိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုချီးမြှင့်

**စစ်ကိုင်း စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအဆင့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက စစ်ကိုင်းပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် (ကိုယ်စား) တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဖေယျာလူမှုထူးချွန် ဒုတိယအဆင့် နိုင်ငံတော်အဆိုပညာရှင် ရွှေတံဆိပ်ခြောက်ဆုရ ဒေါ်သန္တာ ရေးသားသော "လက်ဆင့်ကမ်းဝေ မျိုးဆက်အမွေ" တေးသီချင်းကို ဒေါ်ဧကရီဗိုလ်ဗိုလ်နှင့် ပြိုင်ပွဲဝင်များက သီဆိုဖျော်ဖြေသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အခြေခံပညာ(၁၀-၁၅)အမျိုးသားအက၊ (၁၅-၂၀) အမျိုးသားအက၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအက၊ ကျေးလက်ရိုးရာအက ဆုရပြိုင်ပွဲဝင်များ၊ ဘာသာရပ်အလိုက် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ပြိုင်ပွဲဝင်များအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တိုင်းဒေသကြီးအဆင့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြု

**အောင်လံ စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က အောင်လံမြို့ ခရိုင်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်နိုင်က တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိသည့် အခြေခံပညာ(၁၅-၂၀)အဆင့် အဆို၊ မဟာဂီတပြိုင်ပွဲတွင် ပထမဆုရရှိသည့် မောင်မင်းသန့်အာကာဇော်၊ ဝါသနာရှင်(ဒု)အဆင့် (အဆို၊ အမျိုးဂုဏ်/ဇာတိဂုဏ်) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မဟာသံ(ခ) မသင်းသင်းခိုင်၊ အခြေခံပညာ (၁၀-၁၅) အဆင့် (အဆို၊ ခေတ်ဟောင်း/ကာလပေါ်) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မဖွေးဖွေး၊ ဝါသနာရှင်(ဒု)အဆင့် (အဆို၊ ခေတ်ဟောင်း/ ကာလပေါ်) ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် မဆုဝတီ၊ ဝါသနာရှင်(ဒု)အဆင့် (အဆို၊ ခေတ်ဟောင်း/ကာလပေါ်) ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဦးနိုင်လင်း၊ အဆင့်မြင့်ပညာအဆင့် (အဆို၊ အမျိုးဂုဏ်/ဇာတိဂုဏ်) ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မောင်ကျော်ဇင်မင်းထက်တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲဝင်ငါးဦးကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

---

**မလိုအပ်သောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

---

*စာမျက်နှာ ၁၆ မှ*

လူသားမှာကား ထိုသို့မဟုတ်ချေ၊ မိမိ၏ အသိဉာဏ်ကို သူတို့တစ်ဘဝစာလောက်သာ အသုံးချရန်မဟုတ်ပေ။ လူသားနောက်မျိုးဆက်များအတွက် မှတ်တမ်းထားခဲ့၏၊ သူတို့၏ဘဝအတွေ့အကြုံမှ သိသမျှ မှတ်သားသမျှကို နောက်မျိုးဆက်များအား ဆောင်ရန်၊ ရှောင်ရန်၊ ဓမ္မနှင့် အဓမ္မခွဲခြားတတ်ရန်၊ လူ့အဖွဲ့အစည်းအကျိုးပြုမှုနှင့် ဖျက်ဆီးမှုဆိုတာ ဆုံးဖြတ်တတ်ရန်၊ တိုင်းကျိုးပြည်ပြုလား၊ တိုင်းဖျက်ပြည်ဆူလား မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိရန် မှတ်တမ်းထားခဲ့၏။ ဤသည်ကို "စာပေ"ဟုခေါ်သည်။ နောက်မျိုးဆက်များက "ထိုမှတ်တမ်းကို ဖော်ထုတ်နိုင်စွမ်းရှိ၏" အဘယ်ကြောင့်ဆိုသော် စာဖတ်တတ်၍ စာဖတ်နိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။ ထိုအခါ ဘိုးဘွားဘီဘင်တို့ထံမှ၊ ထို့အတူ မိမိနှင့်ခေတ်ပြိုင်များထံမှ သူတို့၏ အတွေ့အကြုံ၊ အောင်မြင်မှု၊ ကျရှုံးမှု၊ ဆောင်ရန်၊ ရှောင်ရန်တို့ကို မိမိကိုယ်တိုင် မကြုံတွေ့လိုက်ရဘဲ စာပေမှတစ်ဆင့် သိခွင့်၊ နားလည်ခွင့်၊ အသုံးချခွင့်ရခဲ့သည်။

ထိုအခါ မိမိက သူတစ်ပါး၏ အတွေ့အကြုံကိုယူ၍ မိမိတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်း၏ အောင်မြင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အသုံးချ၏။ လူ့ဘောင်လူ့အဖွဲ့အစည်းသည် ရာစု၊ ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် ပြောင်းလဲဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အခြားသက်ရှိလောက၊ တိရစ္ဆာန်လောကသည် ထောင်စု၊ သောင်းစုနှစ်များတိုင်အောင် မထူးခြားခဲ့ပေ။ အဓိကကွာခြားချက်မှာ လူတွင်စာပေရှိ၏၊ စာရေးတတ်၊ စာဖတ်တတ်၍မှတ်တမ်းထားနိုင်ခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်၏။

"အချိန်သက်"တွေ (စက္ကန့်၊ မိနစ်၊ နာရီ၊ ရက်လ၊ နှစ်) မြင့်လာသည်နှင့်အပြိုင် လူတွင် "ဖြည့်ဆည်းသက်" များလည်း ရင့်လာရမည်။ ဖြည့်ဆည်းသက်များလာလျှင် "ရင့်ကျက်သက်" ဖြင့် အသက်ရှင်သည့် လူသားဘဝရောက်လာတော့သည်။ ဖြည့်ဆည်းသက်များများနှင့် မြန်မြန်ရနိုင်သည့်နည်းလမ်းမှာ "စာဖတ်ခြင်း" (သို့) "သူတစ်ပါး၏ အတွေ့အကြုံမှတ်တမ်းကို ဖော်ထုတ်နိုင်စွမ်း မြင့်မားလာခြင်း"ပင်ဖြစ်သည်။ လူမှာသာစာပေရှိ၍ စာရေးတတ်ပြီး မှတ်တမ်းထားနိုင်ကာ မှတ်တမ်းကို ဖော်ထုတ်နိုင်သည့် "စာဖတ်နိုင်သည့် စွမ်းရည်" ရှိမှုကြောင့် တိရစ္ဆာန်လောကတွင်မရှိသည့် ဖြည့်ဆည်းသက်ရှိလာသည်။ ဖြည့်ဆည်းသက်များလာသောအခါ "ရင့်ကျက်သက်"ဖြင့် အသက်ရှင်နေသည့် သက်ရှိဖြစ်လာသည်။

ဤအရည်အချင်းကို ပိုင်ဆိုင်၍သာ အခြားသော သက်ရှိလောကကို လွှမ်းမိုးလာနိုင်သည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် "လူကြီးပြီး အချိန်မစီးသူ" ဟူသည့်ဆိုစကားသည် "ဖြည့်ဆည်းသက်မရှိသူ" (သို့) "စာမတတ်သူ စာမဖတ်ကြသူ" များသာဖြစ်ပေသည်။ ဘယ်နွား၊ ဘယ်ကြောင်၊ ဘယ်ခွေးလောကတွင်မှ စာပေမရှိ၊ စာမရေးတတ်၊ စာမဖတ်ကြပေ။ သို့ဖြစ်၍ လူဖြစ်ပြီး စာမဖတ်၊ ပေမဖတ်ဘဝသည် ရင့်ကျက်သက်ကင်းသော ဖြည့်ဆည်းသက်မရှိသည့် "တိရစ္ဆာန်သက်" တစ်မျိုးတည်းဖြင့် အသက်ရှင်နေသူဖြစ်ပေသည်။ စာဖတ်သည့် "မောင်ညို"၏မျိုးဆက်သည် ထီလာမြို့သားများမို့ ထီလာသားများသည်လည်း ဖြည့်ဆည်းသက်ဖြင့် အသက်ရှင်နေသူ တစ်နည်းအားဖြင့် စာဖတ်သည့်မျိုးဆက်မို့ လူသားပီသသည့်မျိုးဆက်များ ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့်နေရာများနှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



**လွိုင်ကော် စက်တင်ဘာ ၁၃**

တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် စူပါတိုင်ဖွန်း ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးများအဆက်မပြတ်ရွာသွန်းခဲ့ပြီး ဘီလူးချောင်းရေ မြင့်တက်ခဲ့သဖြင့် ရေဝင်ရောက်လျက်ရှိသည့် လွိုင်ကော်မြို့ နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ရေစီးကွေ့၊ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)နမ့်ကွတ်၊ ရွှေတောင်ပရိယတ္တိစာသင်တိုက်နှင့် ကန္ဒရဝတီ တံတားတို့၌ ချောင်းရေမြင့် တက်မှုအခြေအနေများအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်အချို့၌ ဘီလူးချောင်းရေဝင်ရောက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး **အပေါ်(ယာပုံ)** လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နမ့်ကွတ်ရေစီးကွေ့သို့ သွားရောက်၍ ရေနစ်မြုပ်မှုမရှိရန် ကာရံထားသည့် မြေထိန်းနံရံများ ကြံ့ခိုင်မှုရှိ မရှိ၊ မြေထိန်းနံရံနေရာများနှင့် နေအိမ်များတွင် ဘီလူးချောင်းရေထပ်မံဝင်ရောက်မှု မရှိစေရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (ခွဲ)နမ့်ကွတ်ကျောင်း ရေဝင်ရောက်လျက်ရှိမှုကို သွားရောက်ကြည့်ရှု၍ ပြည်နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ရေများဝင်ရောက်မှုကြောင့် ကျောင်းအား ယာယီပိတ်ထားသော်လည်း ကျောင်း၌ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ ကျောင်းမပျက်စေရေးအတွက် အခြားစာသင်ကျောင်းများနှင့် တွဲဖက်သင်ကြားနိုင်ရန်နှင့် ဆရာ ဆရာမများ ယာယီခိုလှုံရေးစခန်းများသို့ ပြောင်းရွှေ့နိုင်ရေး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယာယီခိုလှုံရေးစခန်း ဖွင့်လှစ်ထားသည့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းရှိ ရေဘေးသင့်ပြည်သူများအတွက် နေရာချထားမှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စာသင်ခန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကွပ်ကဲမှုရုံး စနစ်တကျဖွင့်လှစ်၍ ကျန်းမာရေးစနစ်တကျ စောင့်ရှောက်ပေးရန်၊ (၂၄)နာရီ ရေကင်းစောင့်ကြည့်နိုင်ရန်နှင့်ရေဘေးသင့်ပြည်သူများအား လတ်တလောစားသောက်မှု အဆင်ပြေစေရေးဆောင်ရွက်ပေးရန်နှင့် လုံခြုံရေးစနစ်တကျဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

**ရေဝင်ရောက်မှုကြည့်ရှု**

ယင်းနောက် ရွှေတောင်ပရိယတ္တိစာသင်တိုက် ကျောင်းဝင်းအတွင်း ရေများဝင်ရောက်နေမှုအခြေအနေများကို ကြည့်ရှုခဲ့ပြီး ကျောင်းဆောင်များအတွင်းရှိ အရေးကြီးပစ္စည်းများနှင့် စာပေကျမ်းဂန်များအား စနစ်တကျရွှေ့ပြောင်းပေးရန် သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားခဲ့ကာ ကန္ဒရဝတီတံတားသို့ သွားရောက်ပြီးနောက် ဘီလူးချောင်းရေအမှတ်တိုင်းကိရိယာကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများ လျင်မြန်ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးဆွေးနွေး

**မကွေး စက်တင်ဘာ ၁၃**

မကွေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေး အစီအမံများ စနစ်တကျ ပြုလုပ်ထားနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်စွာနှင့် ထိရောက်စွာဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းအဖွဲ့(၁၂) ရပ်အလိုက် မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍများအတွက် လူ၊ ပစ္စည်း ကြိုတင်စုဖွဲ့ ပြင်ဆင်ဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း၊ မြေပြင်သတင်း အချက်အလက်များ ရယူခြင်းတွင် (ဘေးဖြစ်တတ်သည့်ဒေသများ၊ ရွှေ့ပြောင်းရန် ကြိုတင်ပြင်ဆင်မှုများ၊ ရွှေ့ပြောင်းမှုအစီအစဉ်၊ ထောက်ပံ့မည့်အစီအစဉ်) သက်ဆိုင်ရာခရိုင်/မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ အနေဖြင့် လုပ်ငန်းတာဝန်ကို ပီပြင်စွာ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်သင့်ကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားလေ့ရှိသည့် ဒေသများအနေဖြင့် လူ၊ တိရစ္ဆာန်များ ဘေးလွတ်ရာ ရွှေ့ပြောင်းရေးကို ဦးစားပေး ဆောင်ရွက်ရန်နှင့် ရွှေ့ပြောင်းရာတွင် လိုအပ်သည့် ယာဉ်များအား ကြိုတင်စီစဉ်စုဖွဲ့ထားခြင်း အရေးပေါ်လိုအပ်သည့် ရိက္ခာများ စုဆောင်းခြင်းတို့ကို မြေပြင်နှင့် ကိုက်ညီသည့်စီမံချက်ပြုစု၍ အမြန်ဆုံးဆောင်ရွက်ကြရန် ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဝင် တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သဘာဝဘေးအန္တရာယ်ဆိုင်ရာ လုပ်ငန်းကော်မတီ အဖွဲ့များဖြင့် စီမံခန့်ခွဲဆောင်ရွက်မှုအခြေအနေများ၊ အရေးပေါ်တုံ့ပြန်ရေးဆောင်ရွက်ထားရှိသည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေး တင်ပြမှုများအပေါ် ဆောင်ရွက်ပေးမည့် အခြေအနေများ၊ ပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။




**မောင်ညီညာ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Ko Khant@User547947103074" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ထုံးဘိုရပ်ကွက်နေ ခန့်ဝေစိုးအား ညနေ ၆ နာရီ မိနစ် ၄၀ တွင် အမရပူရမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

အမှန်တကယ်ကြည့်မည့်အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲအချိန်ပြည့် ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ



## ကရင်ပြည်နယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ စက်တင်ဘာ ၁၃**

မြန်မာ့ရိုးရာအနုသုခုမပညာရပ်များ တိမ်ကောပျောက်ကွယ်ခြင်းမရှိစေရေး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးကိုမျှော်မှန်း၍ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး (ကရင်ပြည်နယ်အဆင့်) ပြိုင်ပွဲဖွင့်ပွဲကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အဆိုပါပြိုင်ပွဲကို ပြည်နယ်အတွင်းရှိမြို့နယ်များမှ ဝါသနာရှင်၊ အနုပညာရှင်ပြိုင်ပွဲဝင် ၁၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပြိုင်ပွဲအားဖဲကြိုးဖြတ်၍ စတင်ဖွင့်လှစ်ကာ သဘင်အစည်းအရုံးမှ မာယာများတဲ့ချစ်သူအကဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတကာအသိအမှတ်ပြုလေးစားခံရသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မပျောက်မပျက်အောင် ပြည်နယ်သူ ပြည်နယ်သားများ၊ ကျောင်းသားကျောင်းသူ၊ လူငယ်မောင်မယ်များ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပြီး တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဂီတအစည်းအရုံးနှင့် (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီး ပြိုင်ပွဲဝင်များနှင့် တိုင်းရင်းသားတူရိယာအဖွဲ့တို့က အဆို၊အက၊အတီးများဖြင့် သီဆို တီးမှုတ် ကပြဖျော် ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြိုင်ပွဲဝင်များ၊နည်းပြများ၊ ဒိုင်အဖွဲ့များနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ အားပေးစကားများ ပြောကြားသည်။

**အဆင့်(၄)ရရှိခဲ့**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ကရင်ပြည်နယ်အဆင့်)ပြိုင်ပွဲကို စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ယခင်ကျင်းပခဲ့သည့် (၂၄)ကြိမ်မြောက် ဗဟိုအဆင့်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အနေဖြင့် ရွှေ ၁၁ ဆု၊ ငွေ ခုနစ်ဆု၊ ကြေး ၁၀ ဆု၊ နှစ်သိမ့်ဆု နှစ်ဆု၊ အထူးဆု တစ်ဆု စုစုပေါင်းဆုတံဆိပ် ၃၁ ဆုဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အဆင့်(၄)ရရှိခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

## သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအားကြည့်၍ ဆုံးဖြတ်ရသဖြင့် အရေးကြီးသဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

**ထားဝယ် စက်တင်ဘာ ၁၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး(၃/၂၀၂၄)ကို ယနေ့ နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို က တနင်္သာရီတိုင်းဒေသကြီးအတွင်း စာရင်းကောက်ကွက်ပေါင်း ၂၆၈၃ ကွက်ကို စာရင်းကောက်ရန်လျာထား၍ စာရင်းစစ်၊ စာရင်းကောက် ၁၀၄၅ ဦးကို ခန့်အပ် တာဝန်ပေးအပ်ထားကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း အတတ်နိုင်ဆုံး ရသည့်နေရာများ သတ်မှတ်ချက်အတိုင်း ကောက်ယူရမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းသည် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များအား ကြည့်၍ ဆုံးဖြတ်ရကြောင်း၊ သန်းခေါင်စာရင်းတစ်ခုတည်းမဟုတ်ဘဲ အိမ်အကြောင်းအရာ ပါရှိသည့်အတွက်ကြောင့် အရေးကြီးပြီး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

တို့နောက် တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွေးက ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**




မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


## အိမ်မဲမြို့နယ် ဝါးတလုတ်ကျေးရွာအုပ်စု၌ ကမ်းထိန်းနံရံပြို

**အိမ်မဲ စက်တင်ဘာ ၁၃**

အိမ်မဲမြို့နယ် ဝါးတလုတ်ကျေးရွာအုပ်စု အောက်ချင်းကျေးရွာ၌ မြို့နယ်နှင့်ထိစပ်နေသော ပြာမလေ့မြစ် မြစ်ရေမြင့်တက်မှုကြောင့် ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ တွင် ကမ်းထိန်းနံရံပြိုကျခဲ့သည်။

တိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခဲ့သော အနက်ပေ ၅၀၀ ခန့် အလျားပေ ၅၀၊ အနံ ၁၅ ပေ ခန့် မြေပြိုမှု ဖြစ်ပေါ်ခဲ့သည်။ မြေပြိုကျမှု ဆက်လက်မဖြစ်ပွားစေရေး အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာနေပြည်သူများက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

## မုတ်သုံလေ အားကောင်းနေမည်

**နေပြည်တော် စက်တင်ဘာ ၁၃**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။

**မိုး/ဇလ**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၈၉၀၀ | ၅၇ | ၅၀၈၈၀၀ |
| MTSH | ၃၅၀၀ | ၃၄၀၀ | ၄၈၇၃ | ၁၆၅၈၂၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀ | ၁၈၅၀ | ၂၁ | ၃၈၈၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄၅၇ | ၁၂၇၉၆၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၈၁၃ | ၁၃၈၂၃၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၀ | ၀ | ၀ | ၀ |
| MADPL (PLB) | ၃၇၀၀၀ | ၃၇၀၀၀ | ၉၇ | ၃၅၈၉၀၀၀ |

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာ့ရှေးဦးပြုစုခြင်းအစ ဆိုဖာရီနိုက

သီဟစည်သူ

၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၄ ရက်သည် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ ဖြစ်ပါသည်။ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ **"အားကစားအတွက် အမြဲကူညီရှေးဦးပြုစုခြင်း အသင့်ရှိသည် – First Aid and Sports Ready, Set, Respond"** ဖြစ်သည်။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ရှေးဦးသူနာပြုစုခြင်း၏ အရေးပါပုံကို သတိပြုမိစေရန်၊ အခြေခံရှေးဦးသူနာပြုစုနည်းများကို လေ့လာရန်အတွက် အဖိုးတန်အရင်းအမြစ်များ ပိုမိုပံ့ပိုးပေးနိုင်ရန်နှင့် လူတစ်ဦးချင်းစီအား ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းတွင် ရှေးဦးသူနာပြုစုသူများ ဖြစ်လာစေရန် လှုံ့ဆော်ပေးရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

### ရှေးဦးပြုစုခြင်း

ရှေးဦးသူနာပြုစုခြင်းဆိုသည်မှာ ထိခိုက်ဒဏ်ရာရရှိသူ သို့မဟုတ် ရုတ်တရက် နေမကောင်းဖြစ်သူ၏ အသက်ကို ကယ်တင်ရန်နှင့် ထိခိုက်အန္တရာယ်များ ထပ်မံဖြစ်ပွားမှုကို ကာကွယ်ရန်အတွက် ကျွမ်းကျင် ဆေးဘက်ဆိုင်ရာအကူအညီများ မရောက်ရှိမီတွင် အရေးပေါ်လုပ်ဆောင်ပေးသည့် ပြုစုစောင့်ရှောက်မှုဖြစ်သည်။ ရှေးဦးသူနာပြုစုခြင်းသည် အသက်မဆုံးရှုံးစေရန်၊ အနာသက်သာစေရန်၊ နာမကျန်းမှုများ၊ ထိခိုက်မှုဒဏ်ရာရရှိမှုကို ကာကွယ်ရန်နှင့် ပြန်လည်နာလန်ထူလာမှုကို မြှင့်တင်ပေးရန် အဓိကထားဆောင်ရွက်သည်။ ရှေးဦးသူနာပြုစုခြင်း၏ အဓိကရည်ရွယ်ချက်လေးရပ်မှာ (၁) အသက်ကယ်ဆယ်ရန် (Preserve life)၊ (၂) နောက်ထပ် ထိခိုက်ဒဏ်ရာမရစေရန် (Prevent further injury)၊ (၃) လျင်မြန်စွာ ပြည်လည်ကောင်းမွန်လာစေရန် (Promote recovery)နှင့် (၄) မိမိကိုယ်ကို ကာကွယ်နိုင်ရန် (Protect yourself)တို့ဖြစ်ပြီး ယင်းသည် အရေးပေါ်အခြေအနေများကို ထိရောက်စွာတုံ့ပြန်ရန်အတွက် အရေးပါသော ကျွမ်းကျင်မှုတစ်ခုဖြစ်သည်။ ရှေးဦးသူနာပြုစုခြင်းအတတ်ပညာကို ကျွမ်းကျင်စွာ တတ်မြောက်ထားခြင်းဖြင့် အိမ်တွင်ဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ အရေးပေါ်တုံ့ပြန်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ခြင်း၊ မိမိတို့မိသားစု၊ ရပ်ရွာ၊ လူမှုအသိုက်အဝန်းအတွင်း ထိခိုက်မှုများကို ရှေးဦးပြုစုကုသခြင်းများ၊ အသက်ကယ်ခြင်းများ ပြုစုလုပ်ဆောင်ပေးနိုင်ခြင်းကြောင့် ဘေးကင်းလုံခြုံမှုရှိသည့် လူမှုအသိုက်အဝန်းဆိုင်ရာ ယဉ်ကျေးမှုကိုပါ ဖော်ဆောင်ပေးနိုင်သည့်အတွက် လူတိုင်းတတ်မြောက်ထားသင့်သည့် အတတ်ပညာရပ်တစ်ခုဖြစ်သည်။

### ရှေးဦးပြုစုခြင်းအစ ဆိုဖာရီနိုက

ကြက်ခြေနီလှုပ်ရှားမှုသည် ဆိုဖာရီနိုအရပ်၌ ဖြစ်ပွားခဲ့သော ပြင်သစ်–အီတလီတပ်များနှင့် ဩစတြီးယားတပ်တို့အကြား ဖြစ်ပွားခဲ့သည့်စစ်ပွဲမှ စတင်ခဲ့ခြင်းဖြစ်သည်။ ၁၈၅၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် ပြင်သစ်ဧကရာဇ် နပိုလီယံ(၃)ထံ သွားရောက်စဉ် ဆိုဖာရီနိုအရပ်၌ ဖြစ်ပွားသည့် စစ်ပွဲ၏ အနိဋ္ဌာရုံမြင်ကွင်းများကို မြင်တွေ့ခဲ့ရပြီးနောက် စစ်ပွဲအတွင်း ဒဏ်ရာရစစ်သည်များကို ဆိုဖာရီနိုရွာမှ ရွာသူရွာသားများနှင့်အတူ တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ပေးခဲ့သည်။ စစ်ပွဲပြီးဆုံး၍ နေရပ်ပြန်ရောက်သည့်အချိန်တွင် "ဆိုဖာရီနိုအောက်မေ့ဖွယ်"အမည်ဖြင့် ၎င်း၏ အတွေ့အကြုံများကို စာအုပ်ရေးသားထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် စစ်မက်ဖြစ်ပွားချိန်တွင် ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်ရန်အတွက် နိုင်ငံတိုင်း၌ စေတနာလုပ်အားရှင်အဖွဲ့များ ဖွဲ့စည်းထားရန်နှင့် ထိုစေတနာလုပ်အားရှင်များအား အကာအကွယ်ပေးရန်အတွက် နိုင်ငံများ၏ သဘောတူညီချက်ရယူရန်ဆိုသည့် အချက်နှစ်ချက်ကို ရေးသားအဆိုပြုခဲ့သည်။ ထိုစာအုပ်ကို ရေးသားဖြန့်ဝေပြီးနောက် ၁၈၆၃ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC) ကို တည်ထောင်ခဲ့သည်။ ၎င်း၏ အဆိုပြုချက်များသည် ၁၈၆၄ ခုနှစ်တွင် ပထမ ဂျီနီဗာသဘောတူညီချက်ဖြစ်သော လက်နက်ကိုင်တပ်ဖွဲ့များမှ စစ်မြေပြင်တွင် ဒဏ်ရာရသူများနှင့် နာမကျန်းဖြစ်နေသူများအား ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ သဘောတူညီချက်အဖြစ် အတည်ပြုလက်ခံလိုက်ခြင်းဖြင့် စတင်အကောင်အထည် ပေါ်လာခဲ့သည်။ ထို့နောက် ၁၉၀၆ ခုနှစ်တွင် ဒုတိယ ဂျီနီဗာသဘောတူစာချုပ်ကိုချုပ်ဆိုခဲ့ပြီး ပင်လယ်သမုဒ္ဒရာပြင်တွင် နာမကျန်းသူ၊ ဒဏ်ရာရသူ၊ သင်္ဘောပျက်စဉ် စစ်ဘက်ဆိုင်ရာများအား ပြုစုစောင့်ရှောက်ရန် သဘောတူညီ အတည်ပြုလက်ခံခဲ့ပါသည်။ ၁၉၂၉ ခုနှစ်တွင် တတိယဂျီနီဗာ သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုခဲ့ပြီး စစ်သုံ့ပန်းများ၏ ထိန်းသိမ်းရေးစည်းကမ်းချက်များကို သဘောတူလက်ခံခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် စတုတ္ထဂျီနီဗာ သဘောတူညီချက်စာချုပ်ကို ချုပ်ဆိုခဲ့ကြပြီး အရပ်သားများအခွင့်အရေးနှင့် ၎င်းတို့အား အကာအကွယ်ပေးရေးတို့အတွက် သဘောတူညီခဲ့သည်။

### ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ သတ်မှတ်

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဖခင်ကြီးဖြစ်သည့် လူ့အသက်ပေါင်းများစွာကို ကယ်တင်ပေးခဲ့သော ဆွစ်ဇာလန်နိုင်ငံသား ဟင်နရီဒူးနန့်သည် ၁၉၀၁ ခုနှစ်တွင် ပထမဆုံး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုကို လက်ခံရရှိခဲ့သည်။ ထို့အတူ ၎င်းကိုဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏ မွေးနေ့ဖြစ်သော မေလ ၈ ရက်နေ့ကို ကမ္ဘာ့ကြက်ခြေနီနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းကြီးက ရှေးဦးပြုစုခြင်း အသိပညာများမြှင့်တင်ရန် ရည်ရွယ်၍ ၂၀၀၀ ပြည့်နှစ်က စတင်ကာ နှစ်စဉ် စက်တင်ဘာလ ဒုတိယပတ် စနေနေ့တိုင်းတွင် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို သတ်မှတ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံကြက်ခြေနီ အသင်းအနေဖြင့် အဆိုပါ အထိမ်းအမှတ်အခမ်းအနားကို ၂၀၀၃ ခုနှစ်မှသာ စတင်ကျင်းပနိုင်ခဲ့ရာ ယခုနှစ်တွင် (၂၂)ကြိမ်မြောက်သို့ ရောက်ရှိပြီဖြစ်ပါသည်။



တောင်ကြီးတက္ကသိုလ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းကျင်းပသည့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းတွင် ရှေးဦးပြုစုနည်း လက်တွေ့သရုပ်ပြသစဉ်။ (၂၀၂၄ ဇူလိုင် ၂၇) ခရိုင်(ပြန်/ဆက်)

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာ့လုပ်အားရှင်များသည် ရှေးဦးပြုစုခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုများနှင့် အများပြည်သူအတွက် လိုအပ်သည့် အရေးပေါ်အကူအညီများကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးသည့် သမိုင်းအစဉ်အလာကြီးမားသည့် လူမှုကရုဏာအဖွဲ့အစည်းတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ကြက်ခြေနီလုပ်ငန်းများကို ၁၉၂၀ ပြည့်နှစ်မှစတင်ကာ အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အသင်းခွဲအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် ဗမာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၃၉ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (အိုင်စီအာစီ)က အသိအမှတ်ပြုခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အသင်းဝင် ဖြစ်လာခဲ့သည်။

၁၉၅၉ ခုနှစ်တွင် ဗမာနိုင်ငံကြက်ခြေနီအသင်း အက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အမြဲတမ်းလူမှု ကရုဏာအသင်းအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့၍ အဆိုပါ အက်ဥပဒေကို ၁၉၆၄ ခုနှစ်၊ ၁၉၇၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် ထပ်မံပြင်ဆင်ခဲ့သည်။ အဆိုပါ အက်ဥပဒေအရ စိန့်ဂျွန်းသူနာပြုတပ်ဖွဲ့အား ကြက်ခြေနီသူနာပြုတပ်ဖွဲ့အဖြစ် ဗမာနိုင်ငံကြက်ခြေနီအသင်းတွင် ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်ဥပဒေပြဋ္ဌာန်းချက်အရ ဗမာနိုင်ငံကြက်ခြေနီအသင်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို အတည်ပြုပြဋ္ဌာန်းကာ ယင်းဥပဒေနှင့်အညီ ရှေးဦးပြုစုခြင်းနှင့် လူမှုကရုဏာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

### ရှေးဦးပြုစုခြင်းဝန်ဆောင်မှုစတင်

မြန်မာနိုင်ငံတွင် ၁၉၇၂ ခုနှစ်ကတည်းက ကြက်ခြေနီအသင်း၏ ကျောရိုးမဏ္ဍိုင်ဖြစ်သည့် ရှေးဦးပြုစုခြင်းဝန်ဆောင်မှုများကို စိန့်ဂျွန်းသူနာပြုဝန်ဆောင်မှုအဖြစ် မြန်မာနိုင်ငံကြက်ခြေနီအသင်းက စတင်အကောင်အထည်ဖော်ခဲ့သည်။ အစပိုင်းတွင် ရှေးဦးပြုစုခြင်းသင်တန်းများကို ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက်သာ ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ပြည်သူလူထုအတွက် ရှေးဦးပြုစုခြင်းသင်တန်းများကိုပါ ဖွင့်လှစ်လာခဲ့သည်။ ယနေ့အချိန်တွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသည် နိုင်ငံတစ်ဝန်းရှိ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ကျောင်းဆရာ ဆရာမများ၊ ရပ်ရွာစေတနာလုပ်အားရှင်များနှင့် ရပ်ရွာလူထုအတွင်း ရှေးဦးပြုစုခြင်းနည်းစနစ်များကို သိရှိစေရန်နှင့် အရေးပေါ်အခြေအနေများ၊ ပဋိပက္ခများနှင့် နေ့စဉ်လူမှုဘဝတွင် ဘေးဒုက္ခကျရောက်နေသူများကို ရှေးဦးပြုစုပေးနိုင်ရန်နှင့် လိုအပ်ပါက ဆေးရုံဆေးခန်းများသို့ ညွှန်းပို့ပေးနိုင်ရန်အတွက် ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများ ဖြစ်သည့် *စာမျက်နှာ ၂၁ သို့*

- **ရှေးဦးပြုစုစောင့်ရှောက်ခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်၊ ပဋိပက္ခဘေးအန္တရာယ်များ၊ အခြားလူသားချင်း စာနာထောက်ထားမှုဆိုင်ရာကိစ္စများတွင် လူအများ ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် ဘေးအန္တရာယ်ကျရောက်ချိန်များတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိ**
- **ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ရှေးဦးပြုစုပေးခြင်းကဲ့သို့သော လူမှုကရုဏာလုပ်ငန်းများကို ရပ်ရွာလူထုအကျိုးအတွက် အခြေခံမူများနှင့်အညီ ဆောင်ရွက်ပေးနေသည့်အပြင် ရှေးဦးပြုစုခြင်းပညာရပ်ကို တစ်အိမ်တစ်ယောက်တတ်မြောက်ရမည်ဆိုသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အန္တိမရည်မှန်းချက်နှင့်အညီ ရှေးဦးပြုစုခြင်းသင်တန်းများကို ရပ်ရွာလူထုအတွင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ**

# မံလွဲယံကြိုးပြင်ကာကွယ်တောသတ်မှတ်



မံလွဲယံကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၄,၅၃၄)ဧကရှိသော နယ်မြေကို **"မံလွဲယံကြိုးပြင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၄) အရ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်(၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်စသည့် ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

မံလွဲယံကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါ ဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော အဖိုးတန်သစ်မျိုးဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ထောက်ကြံ့နှင့် အခြားဒေသမျိုးရင်း သစ်မျိုးများဖြစ်သော အင်၊ ကညင်၊ ယမနေ၊ သတီ၊ သစ်အယ်၊ ဘင်္ဂ၊ ကြို့ စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ၊ တောဝက်၊ တောကြောင်၊ တောကြက် စသည့် တိရစ္ဆာန်များ၊ ဇီဝမျိုးစုံမျိုးကွဲများ နေထိုင်ကျက်စားရာဒေသများ၊ နေရင်းဒေသများ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးဖြစ်သည့် ဧရာဝတီမြစ်၏ ရေဝေရေလဲဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ပိုမိုတိုးပွားလာစေခြင်း၊ နုန်းအနည်အနှစ် ပို့ချမှုများ၊ ရေတိုက်စားမှုများမှ ကာကွယ်ပေးနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်မျှတလာနိုင်ခြင်း၊ ဂေဟစနစ် ပိုမိုတည်ငြိမ်လာစေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မန္တလေး အောင်မြေသာစံမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်း အခမ်းအနားတွင် ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီဦးဆောင်ကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် လူကုန်ကူးမှု၊ လူငယ်နှင့်ပညာရေး ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများအား ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုအသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များ ပြသခဲ့ကြောင်း သိရသည်။ **မြင့်မော်ထွန်း**



# မုဒုံမြို့နယ်၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုအဆင့်(၁) သင်တန်းဖွင့်

**မုဒုံ စက်တင်ဘာ ၁၃**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ အမျိုးသားအဆင့် ရော်ဘာအစေးခြစ် လုပ်သားကျွမ်းကျင်မှုအဆင့်(၁)နှင့် စစ်ဆေးအကဲဖြတ်ခြင်း အမှတ်စဉ်(၁၄) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(မုဒုံ)ရှိ စိုက်ပျိုးရေး အသက်မွေးမှုသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးအောင်က ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစေးခြစ်နည်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်ခြင်းဖြင့် မိမိတို့ စိုက်ကွက်များ၌ အသုံးချနိုင်သကဲ့သို့ တောင်သူများထံ နည်းပညာများ ပြန်လည်မျှဝေပေးနိုင်ကြောင်း၊ ကျွမ်းကျင်သည့် အစေးခြစ်လုပ်သားများပေါ်ထွက်လာစေ၍ ရော်ဘာစိုက်တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရော်ဘာပညာရှင်နှင့် တာဝန်ရှိသူများက ရော်ဘာကျွမ်းကျင်မှု စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာများက ရန်ကုန်၊ ပဲခူး၊ ဧရာဝတီ၊ တနင်္သာရီ တိုင်းဒေသကြီးတို့နှင့် မွန်နှင့် ကရင်ပြည်နယ်တို့မှ သင်တန်းသား သင်တန်းသူ ၃၀ အား နှစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

*စာမျက်နှာ ၂၀ မှ*

ရှေးဦးပြုစုခြင်း၊ မိုင်းအန္တရာယ်ကင်းရှင်းရေး၊ လူထုအခြေပြုရှေးဦးပြုစုခြင်း၊ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီခြင်းနှင့် ရေပြင်အသက်ကယ်ခြင်း၊ အိမ်တွင်းမတော်တဆဖြစ်ပွားမှုကာကွယ်ရေးနှင့် လမ်းအန္တရာယ် မတော်တဆဖြစ်ပွားမှုကာကွယ်ရေး စသည့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများဖွင့်လှစ်ကာ ရှေးဦးပြုစုခြင်း အသိပညာများ ဖြန့်ဝေပေးလျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းက ကြီးမှူး၍ ဖွင့်လှစ်လျက်ရှိသော သင်တန်းများတွင် ကျောင်းဆရာ ဆရာမများအတွက် ရှေးဦးပြုစုခြင်းနည်းပြသင်တန်း၊ သင်ထောက်ကူပစ္စည်းများ ဖြန့်ဝေခြင်း၊ ရှေးဦးပြုစုခြင်းဆေးသေတ္တာများနှင့် လက်တွေ့သရုပ်ပြပုံစံများ ထောက်ပံ့ခြင်း၊ အခြေခံရှေးဦးပြုစုခြင်း (ဆင့်ပွား)သင်တန်းများ ပို့ချခြင်း၊ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပခြင်း၊ ဝင်ငွေရ ရှေးဦးပြုစုခြင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ ရေပြင်သက်ကယ်သင်တန်းများ ဖွင့်လှစ်ခြင်းနှင့် လမ်းအန္တရာယ်နှင့် အိမ်တွင်းမတော်တဆ ကာကွယ်ရေးသင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထို့ပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအရ မြန်မာနိုင်ငံ၌ ၂၀၂၃ ခုနှစ်အတွင်း ထောက်ပံ့ငွေကျပ် ၁ ဒသမ ၇၆၆ ဘီလီယံ၊ စားနပ်ရိက္ခာ ၄၂၁၁၅ မျိုးနှင့် ထောက်ပံ့ပစ္စည်း ၁၇၈၁၄၁ မျိုးတို့ကို ထိခိုက်လွယ်သော ပြည်သူများအား ဖြန့်ဝေပေးနိုင်ခဲ့သည်။ ထို့အတူ မိုဘိုင်းဆေးခန်းများ အပါအဝင် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ၊ ငှက်ဖျားရောဂါကာကွယ်ရေး၊ သွေးလှူဒါန်းခြင်း၊ ရှေးဦးသူနာပြုစုခြင်းနှင့် လူနာတင်ယာဉ်ဝန်ဆောင်မှုများ စသည့်ဝန်ဆောင်မှုများဖြင့် လူပေါင်း ၁၀၂၀၀၅ ဦးကို ထိရောက်စွာ ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တစ်အိမ်တစ်ယောက်တတ်မြောက်ရမည်**

ကြက်ခြေနီ စေတနာ့လုပ်အားရှင်များသည် ရှေးဦးပြုစုခြင်းအတတ်ပညာရပ်များကို ရပ်ရွာလူထုအတွင်း ပြန့်ပွားစေခြင်းနှင့် မတော်တဆ ထိခိုက်မှုများကြောင့် ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုခြင်း ပညာရပ်များဖြင့် ရှေးဦးပြုစုစောင့်ရှောက်ခြင်းတို့အပြင် သဘာဝဘေးအန္တရာယ်၊ ပဋိပက္ခဘေးအန္တရာယ်များနှင့် အခြားလူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စများတွင် လူအများဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့် ဘေးအန္တရာယ်ကျရောက်ချိန်များတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ရှေးဦးပြုစုပေးခြင်းကဲ့သို့သော လူမှုကရုဏာလုပ်ငန်းများကို ရပ်ရွာလူထုအကျိုးအတွက် အခြေခံမူများနှင့်အညီ ဆောင်ရွက်ပေးနေသည့်အပြင် ရှေးဦးပြုစုခြင်းပညာရပ်ကို တစ်အိမ်တစ်ယောက် တတ်မြောက်ရမည်ဆိုသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အန္တိမရည်မှန်းချက်နှင့်အညီ ရှေးဦးပြုစုခြင်းသင်တန်းများကို ရပ်ရွာလူထုအတွင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းက ၂၀၂၃ ခုနှစ် တစ်နှစ်တည်းအတွင်းမှာပင် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် သင်တန်းအကြိမ်ရေပေါင်း ၆၈၀ ဖွင့်လှစ်ပြီး လူဦးရေ ၃၈၉၁၆ ဦးအတွက် ရှေးဦးပြုစုခြင်းဆိုင်ရာ အတတ်ပညာများ မျှဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ မိမိတို့မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာန၏ စနစ်သစ်မူလတန်းအဆင့် စတုတ္ထတန်းနှင့် ပဉ္စမတန်းတို့၏ ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ် သင်ရိုးညွှန်းတမ်းများတွင်လည်း ရှေးဦးပြုစုခြင်းဘာသာရပ်ကို သင်ခန်းစာတစ်ခုအနေဖြင့် ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်ရာ အများပြည်သူ လူငယ်လူရွယ်မျိုးဆက်သစ်များအနေဖြင့် ရှေးဦးပြုစုခြင်းပညာရပ်များကို လက်လှမ်းမီသင်ယူရရှိနိုင်ကြပြီဖြစ်သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် နိုင်ငံအတွင်းတွင် လူမှုကရုဏာဆိုင်ရာ အကူအညီလိုအပ်သူများအတွက် အကူအညီများပေးခြင်း၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့လာချိန်တွင် ကူညီဆောင်ရွက်ပေးခြင်း၊ စေတနာသွေးလှူရှင်လုပ်ငန်းများ၊ အရေးပေါ်လူနာတင်ယာဉ် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ စွမ်းစွမ်းတမံ အသက်စွန့်ပါဝင်ဆောင်ရွက်ပေးလျက်ရှိပေရာ ကြက်ခြေနီအခြေခံမူ ခုနစ်ရပ်ပါ ခွဲခြားမှုမရှိခြင်းမူအတိုင်း ကြက်ခြေနီစေတနာလုပ်အားရှင်များ၏ ရှေးဦးပြုစုခြင်းဆိုင်ရာ အတတ်ပညာဖြင့် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုး၊ လူမှုကရုဏာလုပ်ငန်းများကို ယခုထက်ပို၍ စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုရင်း စက်တင်ဘာ ၁၄ ရက်(စနေနေ့)တွင် ကျရောက်သည့် "ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့"ကို ဂုဏ်ပြုဖော်ပြအပ်ပါသည်။ ။

**ကိုးကား –**
(၁) မြန်မာနိုင်ငံကြက်ခြေနီအသင်း
(၂) Annual Reports 2023 (MRCS)

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက နန်းမား Grade-11(C)တွင် ပညာသင်ကြားနေသော မောင်စိုးမင်း၏ ဖခင်အမည်မှန်မှာ ဦးစံဝင်း ၁/မညန(နိုင်)၀၉၅၇၈၁ ဖြစ်ပါကြောင်း။

**ဦးစံဝင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အထက (၁၀)၊ Grade-12 တန်းမှ မောင်ကျော်ဝဏ္ဏအောင်၏ ဖခင် ဦးအောင်တင်မွန်နှင့် မင်းအောင်တင်မွန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအောင်တင်မွန်(ခ)**
**မင်းအောင်တင်မွန်**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အထက(၁၀)၊ Grade-12 တန်းမှ မဖူးနှင်းသက်တင်ဦး၏ ဖခင် ဦးသက်တင်ဌေးနှင့် မင်းသက်တင်ဌေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသက်တင်ဌေး(ခ)**
**မင်းသက်တင်ဌေး**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အထက(၁၀)၊ Grade-12 တန်းမှ မိသက်လျာစိုး၏ ဖခင် ဦးချစ်စိုးနှင့် မင်းချစ်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးချစ်စိုး(ခ)မင်းချစ်စိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပညာကမ္ဘာကိုယ်ပိုင်အထက်တန်းကျောင်း Grade- (9)တွင် ပညာသင်ကြားလျက်ရှိသော မနန္ဒာကျော်၏ ဖခင်အမည်မှန်မှာ နိုင်ငံသား(ပြု)နှင့် စိစစ်ရေးကတ်ပြားအမှတ် ၁၂/ဒပန(ပြု)၀၀၀၂၉၄ အရ ဦးမူနီဆာမိ (ခ)ဦးတင်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမူနီဆာမိ(ခ)ဦးတင်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် MON/၈၉၃၃ ယာဉ်လက်ဝယ်ရှိသူ ဦးဖိုးခင် ၁၀/မဒန(နိုင်)၀၃၉၂၄၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ဃ/၈၃၄၅၃ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်ဝင်း ၁၀/မလမ(နိုင်)၁၃၁၆၃၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၁၁၊ ဦးပိုင်အမှတ် (၅၄)/ ၄၈X၄၉လမ်းကြား၊ ၁၁၄X၁၁၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကော်လင်ရှိုး ၁၃/ကလတ(နိုင်)၀၀၉၀၁၀ကအမှုတွဲအမှတ် (၃၆၇၂/၂၀၂၄/၂၀၂၅) ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/9889, Landrover (Range Rover)Station Wagon ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးအိဝေ(ခ) ဖြိုးသက်ဝေ ၉/ပဥလ(နိုင်)၀၀၄၅၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ဃ/၄၉၂၉၇, Honda Wave NF 125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဝင်း ၆/မအရ(နိုင်)၁၀၄၂၁၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ဃ/၆၆၉၉၃, Honda Wave 125,m/c ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၆/မအရ(နိုင်)၀၅၄၁၀၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ရက်ပေါင်း(၃၀)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၆ဃ/၈၁၇၉၁, Honda Wave 110, m/c ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်ဇင်ဝင်း ၆/ထဝန(နိုင်)၀၆၇၃၆၃ ကယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ
## (တရားကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြိတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

| | | |
|---|---|---|
| ဦးတင်ရွှေ | နှင့် | ၁။ ဒေါ်ခင်စန်းရီ(ခ) ဒေါ်ခင်စန်း |
| | | ၂။ ဦးဝင်းထွန်းဦး |
| | | ၃။ ဒေါ်သန္တာချို |
| | | ၄။ ဦးမင်းမင်းထွေး |
| | | ၅။ ဒေါ်စန္ဒာမြင့် |
| | | ၆။ ဦးဇင်မင်းဦး |
| | | ၇။ ဒေါ်တင်တင်ချို |
| | | ၈။ ဦးကျော်နိုင်ဦး |
| | | ၉။ ဒေါ်သန်းသန်းနွယ် |
| | | ၁၀။ ဦးနိုင်စိုက်ချမ်း |
| | | ၁၁။ ဒေါ်အင်စိုး |
| (တရားလို) | | (တရားပြိုင်များ) |

မြိတ်မြို့၊ ကြံတောရပ်ကွက်၊ ငွေစာရံစားသောက်ဆိုင်နံဘေးနေသူ (၁၀)တရားပြိုင် ဦးနိုင်စိုက်ချမ်း(ဘ) ဦးတင်စိန်၊ (၁၁)တရားပြိုင် ဒေါ်အင်စိုး(ဘ) ဦးစိုက်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်တွင်တရားလိုဦးတင်ရွှေကတရားလို၏သဘောတူခွင့်ပြုချက်မရရှိဘဲ တရားပြိုင်များ အတင်းအဓမ္မကျူးကျော်ဝင်ရောက်ဆောက်လုပ်ထားသော အဆောက်အဦများအား ဖြိုဖျက်ဖယ်ရှားထွက်ခွာပေးရန်နှင့် တရားလိုနေအိမ်နှင့်မြေကွက်တို့အား တရားလိုသို့ လွတ်လပ်စွာ လက်ရောက်ပြန်လည်ပေးအပ်စေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ကို ၎င်း၏ရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ရက်(၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း၇ရက်)နံနက်(၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ထိုအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးထွန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မြိတ်ခရိုင်တရားရုံး**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ် အထက သပြေကန်အသင်းကျောင်း Grade-12မှ မသဉ္ဇာနည်၏ မိခင်အမည်မှန်မှာ ဒေါ်သန်းသန်းညို ၇/ကဝန(နိုင်)၁၄၄၈၈၄ ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းညို**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ် အထက သပြေကန်အသင်းကျောင်း Grade-12မှ နော်ဝင်းစုလတ်၏မိခင် အမည်မှန်မှာ နော်မိစု ၇/ကဝန(နိုင်) ၁၇၃၇၉၈ ဖြစ်ပါကြောင်း။

**နော်မိစု**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၃၄၃)နေ ဦးထွန်းထွန်းဝင်း ၁၂/ဒပန(နိုင်)၀၅၁၃၁၀နှင့် ဒေါ်ဥမ္မာမြင့် ၁၄/မမန(နိုင်)၁၀၂၂၁၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးထွန်းထွန်းဝင်းနှင့် ဒေါ်ဥမ္မာမြင့်တို့၏ သားအရင်းဖြစ်သူ မောင်သူရိန် ၁၂/ဒပန(နိုင်)၀၆၉၉၉၀သည် မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အမျိုးမျိုး ပြုလုပ်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းအောင်အမျိုးမျိုးပြုလုပ်ခဲ့ခြင်းတို့ကြောင့် ယနေ့မှစ၍မောင်သူရိန်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်သူရိန်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်ုပ်တို့၏မိတ်ဆွေဦးထွန်းထွန်းဝင်းနှင့်ဒေါ်ဥမ္မာမြင့်တို့မှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်လဲ့လဲ့ကြည်(LL.B)** — **ဒေါ်နီနီဇော်(LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၅၂)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၁၇)**
**ဒေါ်သဉ္ဇာဝင်း( (LL.B, DBL)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၃၅၆)**

**အမှတ်(၃၉)၊ မာန်ပြေ(၆)လမ်းအရှေ့၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-09796814489, 09-421659244, 09-776886709**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7U/3745, Luojia 3wheel Motocycle (3x2) ယာဉ်လက် ဝယ်ရှိသူ ဦးမြတ်ခိုင် ၉/တသန(နိုင်)၁၁၅၈၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ဖခင်အမည်မှန်

ဖြူးမြို့၊ အထက(၂)G-11 မှ မမြတ်စုနိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၇/ဖမန(နိုင်)၁၃၄၉၇၁ ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
## ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် – ၅၆

| | | |
|---|---|---|
| ဒေါ်သီသီမွေး(ကွယ်လွန်သူ ဒေါ်တင်လှ၏ တရားဝင်ကိုယ်စားလှယ်) | နှင့် | ဒေါ်မြအေး ပါ-၄၁ |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ ပုသိမ်ခရိုင်တရားရုံး ၂၀၂၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၈ ၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု။

အထက်အမည်ပါအမှုမှ အယူခံတရားပြိုင်အမှတ် (၃၅) ဦးအောင်ဝင်းရွှေ၊ ညောင်ပင်ကြီးကုန်းကျေးရွာ၊ တကုန်းကြီးကျေးရွာအုပ်စု၊ ကန်ကြီးထောင့်မြို့နယ်၊ ရောဝတီတိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရ မည်။

ယခုအမှုတွင် ပုသိမ်ခရိုင်တရားရုံးတော်က ချမှတ်ပေးသည့် စီရင်ချက်နှင့်ဒီကရီကို ဒေါ်သီသီမွေး(ကွယ်လွန်သူ ဒေါ်တင်လှ၏ တရားဝင်ကိုယ်စားလှယ်)က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ရက်(၁၃၈၆ ခုနှစ်၊ တော်သလင်းလကွယ် ၁၅ ရက်) နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင်သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ချိန်းထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်နွယ်ဝင်း)**
**ဒုတိယညွှန်ကြားရေးမှူး**
**ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ သဘော်ဆိပ်ရပ်ကွက်၊ အကွက်အမှတ်(၄၆)၊ အကွက်အမည်-သဘော်ဆိပ်အကွက်၊ ဦးပိုင်အမှတ်(၁၄၃.စ)၊ မြေဧရိယာ (၀.၀၃၄)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်

(က) အရှေ့လားသော် – ဦးပိုင်အမှတ်(၃၄)
(ခ) အနောက်လားသော် – လမ်း
(ဂ) တောင်လားသော် – မင်္ဂလာလမ်း
(ဃ) မြောက်လားသော် – ဦးပိုင်အမှတ် (၁၄၃.င)

အထက်ပါမြေကို (ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်း)ပေးရန် ဦးသောင်းစိန်ပါ(၂)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ(၃)ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ထားဝယ်မြို့**

## မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ စစ်ကွင်းအုပ်စု ကုန်းကြီးကျေးရွာနေ ဦးရဲဝင်းလွင်၏သမီး မနှင်းသီရိမေ ၁၄/ဟသတ(နိုင်)၃၈၀၄၉၈၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၉-၂၀၀၄ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၁၅၆)ရပ်ကွက်နေ ဦးဝင်းနိုင်၏သား မောင်ကျော်မိုးလွင် ၁၂/ဒဂရ(နိုင်)၀၃၃၁၅၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-399115)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၅၉၂၀၃၁၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ဃ/၆၁၉၇၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဌေး ၁၀/မဒန(နိုင်)၀၁၆၇၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ဃ/၉၅၆၀၉, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၆/မအရ(နိုင်) ၀၅၄၁၀၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးနိုင်ဇင်မျိုး ၆/ပလန(နိုင်)၀၇၃၁၀၂၏ ပွဲနင်းမှုးလက်မှတ်အမှတ် ၀၀၁၆/၂၀၂၀မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၄၂၃၉၁၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခင်မျိုးကြည် ၁၁/ကဖန(နိုင်)၀၅၂၄၉၀၏ ပတ်စ်ပို့နံပါတ် ME 481145မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၇၂၈၄၄၇၃**

## အမည်ပြောင်း

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ဇလွတ်ရွာနေ ဦးဆန်းမြင့်၏သားဖြစ်သူ မောင်မြင့်သန်းထွန်းအား မောင်ဇွဲပြည့်စိုး ၆/လလန(နိုင်)၁၃၈၅၆၅ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇွဲပြည့်စိုး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၉) Grade-6 မှ မအိအိဖြိုး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးမျိုးဇော် ၆/မမန(နိုင်)၁၅၅၃၆၈ ဖြစ်ပါကြောင်း။

**ဦးမျိုးဇော်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ဃ/၉၀၇၃၃, Honda Click 125, m/c ယာဉ်လက်ဝယ်ရှိသူ ဦးထွေးတင် ၆/မအရ(နိုင်)၀၄၄၉၀၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆ဃ/၇၅၀၂၃, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းအာကာရှိုင်း ၆/မမန(နိုင်)၁၈၆၃၉၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန် (၂)လမ်း၊ တိုက်အမှတ် (၈၄/ A)၊ အခန်း (မြေညီထပ်)၊ အကျယ်အဝန်း (၁၈ပေ × ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မင်းထိုက် (၁၁/သတန(နိုင်) ၀၅၃၉၈၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးကျော်စိုးဦး** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉) |

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
## မုဒုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၀

ကိုကျော်ကျော်ဦး (တရားလို) နှင့် ဒေါ်ဝေဝေမြင့် (တရားပြိုင်)

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျုံဖိုက်ကျေးရွာ၊ နတ်စင်အနီးနေ တရားပြိုင် ဒေါ်ဝေဝေမြင့်(ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုကျော်ကျော်ဦးက (၁၂-၂-၂၀၂၃)ရက်စွဲပါ စရန်ငွေနှစ်ဆဖြစ်သော ငွေကျပ် (၁၉၂၀၀၀၀၀ိ/)ရလိုမှု" လျှောက်ထားစွဲဆိုချက်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့တည်းမဟုတ်)၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ (၁၃၈၆ခုနှစ်၊ တော်သလင်းလကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူက တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့တည်းမဟုတ်)သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁၁)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်မြင့်ဌေး)
မြို့နယ်တရားသူကြီး၊
မုဒုံမြို့နယ်တရားရုံး




## မိခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထကခွဲ၊ ကျွန်းကြီး(G-12)မှ မပန်းအိဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်သီတာစိုး ၁၄/မမက(နိုင်) ၂၆၃၄၅၆ ဖြစ်ပါကြောင်း။

**ဒေါ်သီတာစိုး**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထကခွဲ(မရမ်း)၊ (G-12)မှ မရွှန်းလဲ့နေခြည်၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင် ၁၄/မမက(နိုင်) ၁၄၈၂၅၄ ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်**

## ဖခင်အမည်မှန်

ဖြူးမြို့၊ အထက(၃)G-12မှ မချစ်စုနွယ်နှင့် မူလွန်(ကျော်လှစု) ကျောင်းG-5မှ မသီရိနွယ်တို့၏ ဖခင်အမည်မှန်မှာ ဦးမေ့ ၇/ပခတ(နိုင်)၁၂၀၁၆၆ ဖြစ်ပါကြောင်း။

**ဦးမေ့**

## ပတ်စ်ပို့ပျောက်

ကျွန်မ မစုစုလှိုင် ၇/ကတခ(နိုင်)၁၈၅၀၇၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-287055) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၉၈၄၄၅၇၉၂**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ အထက(ခွဲ) မြို့မရန်အောင် Grade-6(A) တွင် ပညာသင်ကြားနေသော မောင်ကျော်စိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးစံဝင်း ၁/မညန(နိုင်) ၀၉၅၇၈၁ ဖြစ်ပါကြောင်း။

**ဦးစံဝင်း**

## မိခင်အမည်မှန်

မိုးညှင်းမြို့၊ အထက(၁)၊ Grade-12(C)တွင် ပညာသင်ကြားနေသော မောင်မြင့်မြတ်အောင်၏ မိခင်အမည်မှန်မှာ ဒေါ်ရှမ်းမ ၈/ပမန(နိုင်)၀၈၆၁၀၈ ဖြစ်ပါကြောင်း။ **ဒေါ်ရှမ်းမ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ ဦးပိုင်အမှတ်(၄၆ᵉ)၊ ဧရိယာ(၀.၃၃၂)ကေရှိ ဒေါ်လှအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကျော်ခိုင်(ဘီလစ်) ၉/ပမန(နိုင်)၀၄၁၉၉၃မှ ပျဉ်းမနားမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၇/၂၀၂၄)၊ တရားမဇာရီမှုအမှတ်(၁၈/၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်အမှတ်(၄၆ᵉ)၊ ဧရိယာ(၀.၃၃၂)ကေအနက်မှ ဧရိယာ(၀.၀၄၅)ကေအား ဒေါ်ဥမ္မာမြင့် ၉/ပမန(နိုင်)၁၇၈၇၇၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀)
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄-ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၅

ဒေါ်ရီရီသန့် (တရားလို) နှင့် ဦးချစ်ထွန်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊မင်းရဲကျော်စွာ(၃)လမ်း၊ အမှတ်(၂၃၃/က)ရပ်နေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဦးချစ်ထွန်းသိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အိမ်ခြံမြေအရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင် ပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄-ခုနှစ်၊ စက်တင်ဘာလ(၂၃)ရက်၊ (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆုတ် ၆ ရက်)၊ မွန်းမတည့်မီ (၁၀း၀၀)နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက် ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စန္ဒာတင့်)
တွဲဖက်မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၂၉-၇-၂၀၂၄ ရက်နေ့ မြန်မာ့အလင်းသတင်းစာ ကြော်ငြာ(၂၂)၏ ကြော်ငြာစာတွင် အကွက်အမှတ် (၁၁)၊ ဦးပိုင်အမှတ် (၄၁+၄၂)အစား အကွက်အမှတ် (၁၁)၊ ဦးပိုင်အမှတ် (၄၁+၄၂+၅၅-က)ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/89052. Yunde-110,M/Cယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်း ၇/သကန(နိုင်) ၀၃၁၉၁၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အမက(အင်းသာယာ) G-5 မှ မအိသဇင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဆန်းညွန့်အောင် ၇/လပတ(နိုင်)၁၄၅၈၅၂ နှင့် မိခင်အမည်မှန်မှာ ဒေါ်အိအိဖြိုး ၇/လပတ(နိုင်)၁၉၇၅၀၄ ဖြစ်ပါကြောင်း။

**ဦးဆန်းညွန့်အောင်-ဒေါ်အိအိဖြိုး**

## ဖခင်အမည်မှန်

ဟုမ္မလင်းမြို့၊ ရွှေပြည်စိုးစံကိုယ်ပိုင် အထက်တန်းကျောင်းမှ မောင်စိုင်းစိုင်း G-12 ၏ ဖခင်အမည်မှန်မှာ ဦးစောကမူးအေးလာ ၅/ဒမဆ(နိုင်)၀၂၅၄၄၁ ဖြစ်ပါကြောင်း။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၁၉/ကြခတ္တော့အနောက် အကွက်)၊ ဦးပိုင်အမှတ်(၁၆၁)၊ ဧရိယာ(၀.၀၈၃)ကေရှိ မြေကွက်သည် ဦးမြသန်း အမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးမြသန်း(အထွေထွေကိုယ်စားလှယ်လွှဲအပ်ခံရသူ ဦးအောင်မျိုးထွန်း)ထံမှ ဒေါ်ဝါဝါအေး (၉/ပဥလ(နိုင်)၀၀၆၄၂၃)က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလို သူမည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံး လုပ်နည်းညွှန်ကြားချက်များ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ကြောင်း

ကျိုက်မရောမြို့နယ်၊ အထက ကျုံဝမ်း၊ ဆဌမတန်းမှ မသက်ထားဦး၏ဖခင် ဦးလှရွှေနှင့် ဦးလှငွေမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှရွှေ(ခ)ဦးလှငွေ**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးအောင်ငွေဝင်း၏ သား ကျိုက်မရောမြို့နယ်၊ အထက ကျုံဝမ်း၊ သတ္တမတန်းမှ မောင်သန်းထက်အောင်နှင့် မောင်စန်းထက်အောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သန်းထက်အောင်(ခ)**
**မောင်စန်းထက်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၇၀၁၅ ယာဉ်လက်ဝယ်ရှိသူ ဦးထိန်ဝင်းဖြိုး ၁၀/မလမ(နိုင်)၁၉၅၃၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ခခ-၁၊ ဦးပိုင်အမှတ် (၁၃+၄၃)၊ ၅၉xမြို့ပတ်မီးရထားလမ်းကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဇာခြည်ထွန်း ၉/ပဥလ(နိုင်) ၀၁၇၆၀၄၏ (SP ရရှိသူ ဒေါ်မိုးနှင်းခိုင်)က အမှုတွဲအမှတ် (၃၆၇၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက် အမှတ်(ဒ-၃၂၄၄၂၊ဒ-၃၂၄၄၄)၊ မြေဧရိယာ(၀.၂၉၃)ကေရှိ ဦးလွန်းစိန်(ဘ) ဦးချီတက်ဟန် ၁၃/တကန(နိုင်)၁၃၈၆၈၂၊ ဒေါ်လီလီမြင့်(ခ)ချိန်ချိုရင်(ဘ)ဦးချိန်နန်းစိန်(ခ)ချိန်ဟို ၁၃/တကန(နိုင်)၁၃၈၆၈၃တို့ အမည်ပေါက်(ပါမစ်)မြေကွက်အား ဦးလွန်းစိန်၊ ဒေါ်လီလီမြင့်(ခ)ချိန်ချိုရင်တို့မှ မြေပေးမိန့်(ပါမစ်)မူရင်းတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မဂ်လာဒုံမြို့နယ်၊ အထက(၃)Grade-12(E)မှ သမီးဖြစ်သူ မအိအိန္ဒြာစံနှင့် Grade11(F)မှ သားဖြစ်သူ မောင်အောင်ကောင်းစံတို့၏ဖခင်အမည်မှန်မှာ ဦးစောခိုင်စေး ၁၂/လကန(နိုင်)၁၆၀၅၈၇ ဖြစ်ပါကြောင်း။

**ဦးစောခိုင်စေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၄၈၉၆၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးလှိုင် ၁၀/မလမ(နိုင်)၀၁၅၉၁၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၅၃-အေ/မြန်မာနန်း ကွက်သစ်)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ(၀.၀၅၅)ကေရှိ မြေကွက်သည် ဦးထန်ပါအိုအမည်ဖြင့် မြေပေးမိန့်ရရှိခဲ့ပါသည်။ မြေပေးမိန့်အမည်ပေါက်ဖြစ်သူ ဦးထန်ပါအို(၄/ဟခန(နိုင်)၀၀၀၁၀၃)မှ လူနေထိုင်ရန် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ တောင်ပိုင်းလမ်း၊ အကွက်အမှတ်နှင့်အမည် ၉၂/ဖက်ခင်း၊ ဦးပိုင်အမှတ် ၃၄/ခ၊ ဧရိယာ( ၀.၅၅)ကေရှိဘိုးဘွားပိုင်မြေအမျိုးအစားကို မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင် ဒေါ်အေးမြင့်အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်အေးမြင့်သည် မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် စာချုပ်အမှတ် ၂၆၉/၂၀၂၀ဖြင့် မြေဧရိယာ(၀.၀၉၈)ကေအား ဦးဝင်းကိုထံသို့လည်းကောင်း၊ မှတ်ပုံတင်စာချုပ်အမှတ် ၂၇၀/၂၀၂၀ဖြင့် မြေဧရိယာ(၀.၀၉၈)ကေအား ဒေါ်ဌေးဌေးရီထံသို့လည်းကောင်း မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ဦးဝင်းကိုနှင့် ဒေါ်ဌေးဌေးရီတို့သည် လင်မယားတော်စပ်ပြီး၊ အထက်ဖော်ပြပါမြေကွက်ကို ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေး လျှောက်ထားခဲ့ရာ ဦးပိုင်အမှတ် ၃၃/၈၊ ဧရိယာ(၀.၁၉၆)ကေဖြင့် ဦးပိုင်ခွဲစိတ်ခွင့် ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးဝင်းကိုနှင့် ဒေါ်ဌေးဌေးရီတို့သည် ၎င်းတို့ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်း လဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်မှုမရှိပါက ဦးဝင်းကိုနှင့် ဒေါ်ဌေးဌေးရီတို့မှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃၂)၊ အောင်ဇေယျအကွက်၊ မြေကွက်အမှတ်(၆၉)၊ မြို့မြေ၊ ဧရိယာ(၀.၂၉၉)ကေရှိ မြေနေရာအား လူနေထိုင်ရန်အတွက် မြေငှားဂရန်ချထားပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး ယနေ့မှစ၍ (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်မတိုင်မီ ဘီးလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူသို့ မြေငှားဂရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**နော်အေးမြင့်သန်း**
**၁၀/ဘလန(နိုင်)၁၄၀၀၁၂**
**ကန်သာယာရပ်ကွက်၊ ဘီးလင်းမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၁ယ/၉၈၉၄၂ ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးဦး ၇/ကဝန(နိုင်)၁၆၅၀၀၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

(မိုဟာမက်အာမင်း(ခ)ဦးလှမြင့်)၁၂/တမန(နိုင်)၀၈၃၀၆၇နှင့် ပရီဒါဘီဘီ(ခ)ဒေါ်ရွှေဝါ ၁၂/တမန(နိုင်)၀၈၃၀၀၆တို့၏ တတိယမြောက်သမီး မနှင်းနှင်းလှိုင် ၁၂/တမန(နိုင်)၀၉၄၅၀၇ သည် မိဘကိုအကြိမ်ကြိမ်စိတ်သောကပေးခြင်း၊ အကြိမ်ကြိမ် စော်ကားသည့်အတွက်ကြောင့် ယနေ့မှစ၍မနှင်းနှင်းလှိုင်အား သမီးအဖြစ်မှ တရားဝင်အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မနှင်းနှင်းလှိုင်နှင့် ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**(မိခင်)ဒေါ်ရွှေဝါ ၁၂/တမန(နိုင်)၀၈၃၀၀၆၊ ဖုန်း-၀၉-၄၂၀၂၂၃၉၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၇

ဒေါ်စုစုဝင်း (တရားလို) နှင့် ဒေါ်အုံးကြိုင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇာတာ(၆)လမ်း၊ အမှတ်(၁၀၃၉/C)နေ တရားပြိုင် ဒေါ်အုံးကြိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ရက် (၁၃၈၆ ခုနှစ်၊ တော်သတင်းလဆုတ် ၈ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီ တွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(လေး)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၁ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုမွန်ထွေး)
တွံ့ဖက်မြို့နယ်တရားသူကြီး (၃)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီဖြစ်သော LEECO MODERN FURNITURE COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-100612763 မှရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် "WINNER" အမည်ဖြင့်(၂၉-၈-၂၀၂၄)ရက်တွင် မှတ်ပုံတင်ပြီး တရုတ်နိုင်ငံ ခြေစိုက်ကုမ္ပဏီဖြစ်သော LUOYANG FORWARD OFFICE FURNITURE CO.,LTD ထံမှ (၁-၉-၂၀၂၃)ရက်နေ့၌ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိရောင်းချရန်အတွက် တရားဝင်ခွင့်ပြုချက်ရရှိပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**WINNER**

(၄/၇၂၀၁/၂၀၂၄)

အဆိုပါလုပ်ငန်းအမှတ်တံဆိပ်ဖြင့် Office Metal Furniture (ရုံးသုံးသံထည်ပရိဘောဂ)၊ Home Furniture(အိမ်သုံးပရိဘောဂ)၊ Metal Cupboard (သံဘီဒို)၊ Office Table(ရုံးသုံးစားပွဲ)၊ Office Chair(ရုံးသုံးထိုင်ခုံ)၊ Fire Resistance Safe Box (မီးခံသေတ္တာ)တို့ကို မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် တင်သွင်း၊ ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်အား LEECO MODERN FURNITURE COMPANY LIMITEDမှ ခွင့်ပြုချက်တစ်စုံမပါဝင်ပါဘဲ မရိုးဖြောင့်သော သဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တရားဝင် မဟုတ်သော နည်းလမ်းများဖြင့် မြန်မာပြည်ဈေးကွက်အတွင်းသို့ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်းများ မပြုလုပ်မဆောင်ရွက်ကြရန် သတိပေးထားမြစ်ပါသည်။ ထိုသို့ပြုလုပ် ဆောင်ရွက်နေသည်ကို တွေ့မြင်ကြားသိရပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

LEECO MODERN FURNITURE COMPANY LIMITED
ဖုန်း-၀၉-၂၅၉၄၆၁၃၃၀

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြင်သာ(၅)လမ်း၊ မြေကွက်အမှတ် ၂၅၀/ခ၊ အကျယ်(၂၀' x ၆၀')ရှိ ဒေါ်သူဇာသန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိအိမ်အား အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ ဒေါ်သူဇာသန်း ၁၂/ဥကတ(နိုင်)၁၄၅၄၅၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ၁။ ဒေါက်တာညီညီဆွေ (၉/မဟမ(နိုင်)၀၀၁၁၉၅)၊ ၂။ ဒေါ်ဇင်မာဦး (၉/မရတ(နိုင်)၁၁၃၁၆၁) တို့သည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့်မည်သူမဆို မြေနှင့်အိမ် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာမှတ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးသန့်(LL.B) (C.B.L)၊ အထက်တန်းရှေ့နေ (စဉ်-၄၅၇၀၅)
အမှတ် ၉၁၆/ခ၊ မာဃ ၁၂လမ်း၊ ၁၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၇၁၉၇၁၀၆၄၊ ၀၉-၄၅၃၄၃၆၆၀၈

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့် ၁၂/ရကန(နိုင်)၀၅၀၉၁၇ သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၅-လမ်း၊ တိုက်အမှတ်(၇၈)၊ လှေခါး(၁)၊ ပထမထပ်(ဘီ)(ညာဘက်ခြမ်း)အကျယ်အဝန်း(၆၀ ပေ x ၂၀ ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အားလုံးတို့အား လက်ရှိထားဝယ်ယူပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဦးခင်မောင်မြင့် ၁၂/ရကန(နိုင်)၀၁၅၈၈၀ ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အဆိုပါတိုက်ခန်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
မန်းမိုက်ကယ်(လ်)တင်(ရေ) LL.B,E/Mate (F.G), EL(G.1)
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၁၂/၈၄)
အမှတ်(၁၁/က)၊ ပထမထပ်၊ ဇမ္ဗူမေတ္တာ(၂)လမ်း၊ ဗိုလ်ကံညွန့်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၃၁၃၇၉၇၆၆၊ ၀၉-၂၅၄၄၅၀၉၁၆

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက မရမ်း Grdae-12 မှ စအောင်သက်ခေတ်၏ မိခင်အမည်မှန်မှာ ဒေါ်စိန်စိန်ဝင်း ၁၄/ကပန(နိုင်)၁၃၈၈၂၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက(ခွဲ)ဒေါဝါး Grade-12 မှ နမ့်နွယ်နီအောင်နှင့် Grade-9 မှ စသက်ပိုင်မင်း တို့၏ ဖခင်အမည်မှန်မှာ စရွှေလှမင်း ၁၄/ပတန(နိုင်)၁၃၃၄၇၇ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊အထက မရမ်း Grade-12 မှ မောင်မျိုးဆန်း ၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းစန်း ၁၄/ပတန(နိုင်)၂၃၉၇၁၆ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက မရမ်း Grade-12 မှ နော်မို့မို့ဝင်း ၏ မိခင်အမည်မှန်မှာ နော်အဲလား ၁၄/ပတန(နိုင်)၁၂၆၂၁၈ ဖြစ်ပါကြောင်း။

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၂၄)၊ မြေကွက်အမှတ်-(၁၁၃၄)၊ နဝရတ်(၃)လမ်း၊ ပါမစ်မြေ၊ အကျယ်အဝန်း-(၄၀ပေ-၆၀ပေ)အား လက်ရှိပိုင်ရှင်ဖြစ်သူ ဦးအောင်မြိုး (၁၂/တမန(နိုင်)၁၀၁၅၆၀)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

| | |
|---|---|
| ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ) | လွှဲအပ်ညွှန်ကြားချက်အရ |
| အမှတ်(၁၁၃၇)၊ အမျိုးသားလမ်း၊ (၄)ရပ်ကွက်၊ | ဦးတင်ထူးလှိုင် |
| ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ | အထက်တန်းရှေ့နေ |
| ဖုန်း- (၀၉)- ၇၈- ၀၆၇- ၃၀၆၇ | စဉ်- ၂၄၂၉၂ |

## အများသိစေရန်ကြေငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၄၆)၊ မြေကွက်အမှတ်-(၁၃၅)၊ ဒေါ်သီအမည်ပေါက် ပါမစ်မြေ(မိတ္တူခြမ်း)၊ အကျယ်အဝန်း-(၂၀ပေ-၆၀ပေ)အား လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်နွေးအိအိချို (၆/မအရ(နိုင်)၀၉၁၃၈၈)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

| | |
|---|---|
| ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ) | လွှဲအပ်ညွှန်ကြားချက်အရ |
| အမှတ်(၁၁၃၇)၊ အမျိုးသားလမ်း၊ (၄)ရပ်ကွက်၊ | ဦးတင်ထူးလှိုင် |
| ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ | အထက်တန်းရှေ့နေ |
| ဖုန်း- (၀၉)- ၇၈- ၀၆၇- ၃၀၆၇ | စဉ်- ၂၄၂၉၂ |

## အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ငွေဆောင်မြို့၊ သလပ်ခွာကျေးရွာ၊ သစ်ထုတ်လုပ်ရေးရပ်ကွက်၊ ဦးပိုင်အမှတ် (၆၉/၇)၊ ဧရိယာ ၀ ဒသမ ၃၀ ဧက၊ ဦးပိုင်အမှတ်(၆၀/၂)၊ ဧရိယာ(၀. ၁၂) ဧက၊ ဦးပိုင်အမှတ် (၆၁/၂)၊ ဧရိယာ ၀ ဒသမ ၀၆ အကျယ်အဝန်းရှိမြေနေရာနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သိန်းရတနာအမည်ရှိ (၅)ပုံ ဆန်စက်(၁)လုံး၊ သွပ်မိုးအုတ်ကာ ဂိုဒေါင်(၁)လုံး၊ (၂) ထပ်တိုက်(၁)လုံးနှင့် အကျိုးခံစားခွင့်အားလုံး၊ (၂) သလပ်ခွာကျေးရွာ၊ ဘုန်းကြီးကျောင်းရှေ့ ဦးပိုင်အမှတ် ( N-၄၄/၁)၊ ဧရိယာ ၀ ဒသမ ၃၆ ဧက၊ ကွင်းအမှတ်(၆၄၀)၊ ကွင်းအမည်-ပုဂံဘိုကွင်း၊ ပုသိမ်ငွေဆောင် ကားလမ်းဘေးရှိမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက်နေအိမ်တစ်လုံးနှင့် အကျိုးခံစားခွင့်အားလုံးတို့မှာ ဒေါ်ခင်မိုးဝေ (ဘ) ဦးသိန်းအောင် ၁၄/ပသန(နိုင်)၁၂၁၂၉၈ နှင့် ဦးသန်းဝင်း(ဘ)ဦးချစ်ခဲ ၁၄/ပသန(နိုင်)၁၁၀၆၆၁ သလပ်ခွာကျေးရွာနေသူတို့လင်မယားနှစ်ဦးပိုင် ပစ္စည်းများဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မိုးဝေ၏ ခွင့်ပြုချက်မရဘဲမည်သူမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုပါရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးမွန် (LLB) တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၁၅၂၃)
အမှတ်(၅၉)၊ လှည်းစုလမ်း၊ ရ.က.အ(၆)၊ ပုသိမ်မြို့။

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အလက(၂)၊ Grade-7 တန်းမှ မောင်ဖွဲ့ရဲမာန်၏ ဖခင် ဦးငွေစန်း နှင့် ဦးငွေဆန်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးငွေစန်း(ခ)ဦးငွေဆန်း

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အထက(၈)၊ Grade-6တန်းမှ မသွန်းသဒ္ဓါလှိုင်၏ မိခင် ဒေါ်နွေးသိမ့်သိမ့်ဖြူနှင့် ဒေါ်နွေးသိမ့်ဖြူ ၁၀/မလမ(နိုင်) ၁၉၈၈၉၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်နွေးသိမ့်သိမ့်ဖြူ (ခ)ဒေါ်နွေးသိမ့်ဖြူ**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်နေ (ဘ) ဦးမင်းသန့်၏သား CAE ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 (C) မှ မောင်မင်းခန့်ထွန်း ၉/ပဗသ(နိုင်)၀၂၈၅၉၄ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၃-၂၀၀၇ (၂၀၀၇ ခုနှစ်၊ မတ်လ ၂ ရက်) ဖြစ်ကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၈-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏စာမျက်နှာ (၂၄) တောင်ငူမြို့နယ် တရားရုံးတော်၏ ငြင်းချက်ထုတ်ရန် သမ္မန်စာကြော်ငြာတွင် တရားလို၏ ဆွဲချက်အစား တရားလို၏ စွဲဆိုချက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရွှေသံလွင်စက်မှုဇုန်၊ ချင်းတွင်းလမ်းနှင့် ဒီပဲယင်းဝန်ထောက်ဦးမြလမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၁၁+၁၂)တွင် (၃)ထပ် Steel (ဖိနပ်စက်ရုံ)၊ (၄)ထပ် Steel (ဝန်ထမ်းအိမ်ဆောင်) အဆောက်အဦများ ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ စက်မှုလက်မှုလုပ်ငန်းအတွက် မြေအသုံးပြုခွင့် နှစ်(၆၀)မြေငှားစာချုပ်အရ (မြေဧရိယာ ၈.၂၆၁ ဧက)ရှိ မြေကွက်အမှတ် (၈+၉+၁၀+၁၁+၁၂)အမည်ပေါက် ဦးအိုက်နန်၊ ဦးစိုင်းဝင်းအောင်၊ ဦးကျော်နိုင်(ခ)ဝင့်သူ(ခ)စိုင်းရီ၊ တင်ရီကန်(ခ)ဦးအိုက်က၊ ဖုန်တင်ရင်(ခ)ဦးငြိမ်းအောင်၊ ဦးကျော်မင်းထွန်းတို့၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာ(SP)ရရှိထားသူ ဒေါ်အက်စတာ(၉/မကန(နိုင်)၁၄၈၁၈၃)ထံမှ (မြေဧရိယာ ၃.၃၈၁ ဧက)ရှိ မြေကွက်အမှတ်(၁၁+၁၂) အစိတ်အပိုင်းအား အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ Myanmar Dond Ming Co.,Ltd မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ဗဟိုနိုင်ငံရေးဝင်း၊ တပ်နယ်(က) အိမ်ရာ၊ ဦးသူရအောင် ၁၂/မဂဒ(နိုင်)၁၅၆၅၃၂ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဒက္ခိဏ(၁)လမ်း အမှတ် ၉၀၄(က)နေ ဒေါ်ယဉ်မင်းထက် ၁၂/ရပသ(နိုင်) ၀၆၃၇၇၁ တို့သည် စိတ်သဘောထားခြင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ၁၉-၈-၂၀၂၃ ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ - | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဒေါ်ယဉ်မင်းထက် | ဒေါ်သန္တာစံမြင့် (LL.B) |
| ၁၂/ရပသ(နိုင်)၀၆၃၇၇၁ | (တရားလွှတ်တော်ရှေ့နေ) |
| | (စဉ်-၁၁၃၄၀) |
| | စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ |
| | ဖုန်း-၀၉-၇၉၄၀၇၀၈၉၁ |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/8606 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/83357 Honda Wave100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး (မင်းဘူး)

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (M-၁၈၄၊ M-၁၈၆၊ M-၁၈၈၊ M-၁၉၀)၊ ဧရိယာ(၀.၄၄၀) ဧကရှိ ဦးလှသိန်း အမည်ပေါက် (၄)ကွက်တွဲ နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၅၂၇/၂၀၂၃) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဖြူဖြူအေး ၇/ဒဥန(နိုင်)၀၈၅၄၄၆ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး မြေကွက်အမှတ်(M-၁၈၄၊ M-၁၈၆၊ M-၁၈၈)တို့အား မြေငှားစာချုပ် စာအုပ်(၁)အုပ်စီဖြင့် မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်ခွဲစိတ်ခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/52298 Dayang 125 ယာဉ်လက်ဝယ်ရှိသူ Yoon Taw Win Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး (မင်းဘူး)

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇၆ယ/၃၅၁၁၈ Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြင့်သန်း ၈/မတန(နိုင်)၁၉၈၁၀၈ က (ကမ-၃) ပျောက် မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး (မကွေး)

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆတ်သွားကျေးရွာ၊ အမှတ်(၃)ရပ်ကွက်၊ ပြည်လမ်းနေ ဦးစိုးသိန်း(ဘ) ဦးတင်လှိုင် ၈/တတက(နိုင်)၀၂၇၇၂၉၊ ဒေါ်ကြည်ကြည်ဝင်း(ဘ) ဦးကျော်ဆင့် ၈/တတက(နိုင်)၀၂၈၀၆၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ဦးစိုးသိန်း-ဒေါ်ကြည်ကြည်ဝင်း တို့၏သား မောင်ရန်ငြိမ်း ၈/တတက(နိုင်) ၂၅၈၂၇၁ သည် မိဘများ၏ ဆုံးမသွန်သင်မှုကိုမနာခံဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ မောင်ရန်ငြိမ်းနှင့်ပတ်သတ်သော ကိစ္စအဝဝသည် မိသားစု၊ ဆွေမျိုးအသိုင်းအဝိုင်းနှင့် မည်သို့မျှသက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် မောင်ရန်ငြိမ်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် ။

ဦးစိုးသိန်း+ဒေါ်ကြည်ကြည်ဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးခိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၇၉/၂၀၂၃)
ရွှေညောင်ရပ်ကွက်၊ မကွေးမြို့။ ဖုန်း-၀၉-၇၇၇ ၈၇၇ ၂၂၃

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 37W/94741 ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှမျိုးနွယ် ၉/အမရ(နိုင်)၀၃၈၅၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ (၁)လမ်းနှင့် စပယ်လမ်းထောင့်၊ Highway Complex၊ တိုက်အမှတ်(E)၊ (၃)လွှာ၊ အခန်းအမှတ်(၃၀၄)ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်နန္ဒာ ၇/ပခန(နိုင်)၀၀၃၉၁၅ က တရားဝင် ပိုင်ဆိုင်၊ လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုပြီးရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်ခင်ဝင်းမော် ၇/ရကန(နိုင်) ၀၃၆၃၀၀ နှင့် ဒေါ်မြရတနာမြင့်ခိုင် ၉/ကပတ(နိုင်)၁၉၄၄၁၂ တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းသူအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက် လိုပါက၊ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီ ပြီးစီးအထမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဝင်းမော်နှင့် ဒေါ်မြရတနာမြင့်ခိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အေးအေးမွန်**
**LL.B,M.Sc (Maritime Law & Policy,WMU,Sweden)**
**DML,DPS,Dip in English**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၄၅)**
**အမှတ် ၄၄၃၊ ၆ လွှာ၊ ကုန်သည်လမ်း၊ (၆)ရပ်ကွက်၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၀၃၁၅၈၊ ၀၉–၇၉၅၉၅၂၈၀၇**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက ရေကြည် Grade–12(B) မှ မဇင်မေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ကြူ ၁၄/ရကန(နိုင်) ၁၂၃၄၅၆ ဖြစ်ပါသည်။

**ဦးခင်မောင်ကြူ**

## အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ အထက ရေကြည် Grade–12(B) မှ မောင်ထက်မြတ်အောင် (ဘ–ဦးမြတ်မင်းအောင်)၏ အမည်မှန်မှာ မောင်ထက်မြတ်အောင် ဖြစ်ပါသည်။

**မောင်ထက်မြတ်အောင်**

## ပျောက်ဆုံးကြောင်း

မအူပင်မြို့နေ မနှင်းနှင်းဆွေ (ဘ) ဦးစောအောင်သက်မိုး၏ သမီး ၁၄/မအပ(နိုင်)၂၂၉၄၅၅ ၏ နိုင်ငံကူးလက်မှတ်(MF–729800)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၆၆၆၆၃၆၈၇၄**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ၊ အခြေခံပညာ အထက်တန်းကျောင်း Grade–12 မှ မသိင်္ဂီဆွေ၏ ဖခင် အမည်မှန်မှာ ဦးကောင်း ၈/မသန(နိုင်)၁၃၁၈၇၁ ဖြစ်ပါကြောင်း။

**ဦးကောင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ–၉၁)၊ ဦးပိုင်အမှတ်(၁၁)၊ ၄၇ x ၄၈ လမ်း၊ ၁၄၂ x ၁၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်စန်းမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၁၁/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးငြိမ်းချမ်းလှိုင် ၅/မရန(နိုင်)၂၁၀၀၆၁ က အမှုတွဲအမှတ် ၃၆၈၈/၂၀၂၄–၂၀၂၅ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက် အမှတ်(ညည–၅၂)၊ ဦးပိုင်အမှတ် (၆)၊ ၅၃ x ၅၄ လမ်းကြား၊ သမိန်ဗရမ်းလမ်းနှင့် မင်းကြီးရန်နောင်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဥမ္မာဖြူ ၁/မကန(နိုင်)၀၄၅၂၁၀ ၏ (SP ရရှိသူ ဦးဝေထွန်း) က အမှုတွဲအမှတ် ၃၆၈၇/၂၀၂၄–၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/28466 ယာဉ်လက်ဝယ်ရှိသူ ဦးထိန်းလင်းဇော် ၇/ထတပ(နိုင်)၀၇၁၉၉၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/63184 ယာဉ်လက်ဝယ်ရှိသူ ဦးဖြူ ၇/အတန(နိုင်)၁၃၆၈၁၂က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ–၂၈၃)
## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်–၃၆

**ကွယ်လွန်သူ ခင်ပွန်းဖြစ်သော ဦးခင်မောင်ဆွေ(ခ)မောင်ရွှေ၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ် လမ်း(၈၀)၊ (၁၉–၂၀)လမ်းကြား၊ အမှတ်(၂၈၆)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ခင်ပွန်းဖြစ်သော ဦးခင်မောင်ဆွေ(ခ)မောင်ရွှေ၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်း လက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ကွယ်လွန်သူခင်ပွန်း ဦးခင်မောင်ဆွေ(ခ)မောင်ရွှေ၏ ဇနီးတော်စပ်သူဖြစ်သော ဒေါ်ခင်အေးရီက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ရက် (၁၃၈၆ခုနှစ် သီတင်းကျွတ်လဆန်း ၉ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူခင်ပွန်း ဦးခင်မောင် ဆွေ(ခ)မောင်ရွှေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ–၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်အေးရီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေး ဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်တွင် ဤရုံးတော် တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကေသီဝင်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၄)မှ မဝတီမိုး Grade–7 ၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၅/ကဘလ(နိုင်)၀၀၀၀၄၈ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဝင်း**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၄)မှ မရွှန်းလဲ့ဝေ Grade–8 ၏ ဖခင် ဦးထွန်းအောင် ၁၄/ပတန(နိုင်)၂၉၉၂၈၇ မှာ ဖခင်အမည်မှန် ဖြစ်ပါကြောင်း။

**ဦးထွန်းအောင်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(ဓ–၂၀)၊ ရန်–မန်းလမ်းအနောက်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ဝင်းခိုင် ၉/မနတ(နိုင်)၀၇၀၀၀၈ ၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်(၉၂၄၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချိုမာစိုး ၉/နထက(နိုင်)၀၀၀၄၄၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်းကြော်ငြာခြင်း

စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဆန်းရှင်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်သို့ (၂–၆–၂၀၂၀) ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ်(၁၄၄၄/၂၀၂၀)ဖြင့် ထုတ်ပေးသည့် အကောက်ခွန်ကင်းလွတ်ခွင့် အမိန့်ကြော်ငြာစာမူရင်းမှာ ပျောက်ဆုံးလျက်ရှိပါသဖြင့် ပြန်လည်တွေ့ရှိပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ဆန်းရှင်းနှင့်ညီအစ်ကိုများ ကုမ္ပဏီလီမိတက်**
**ဖုန်း–၀၉–၉၆၉၉၁၂၆၉၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်၊ အကွက်အမှတ် ၃၈၊ ဦးပိုင်အမှတ် ၂–C/၉ လမ်း၊ ၈၀ x ၈၁ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်လီဖင်(ခ)ဖြူဖြူထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၀၃၆/၂၀၀၁) ဖြင့် ဦးကြည်စိန်(ဇနီး)၊ ဒေါ်ကျော့တို့က ဝယ်ယူခဲ့ပြီး ခင်ပွန်း ဦးကြည်စိန် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၃၄၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီး ဒေါ်ကျော့(ခ)ဒေါ်ကျော် ၉/မနမ(နိုင်)၀၁၄၉၅၈ မှ သား ဦးသန့်ဇင်ဦးနှင့် သား ဦးမျိုးမင်းဦးတို့အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "HONG LI BEST PRINTING COMPANY LIMITED"
## (အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ၏
## (နောက်ဆုံး အစည်းအဝေးခေါ်ယူခြင်း)

အထက်ပါ ကုမ္ပဏီ၏ နောက်ဆုံးစာရင်းရှင်းလင်း၊ ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စာရင်းများကိုရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်ပါ၍ အစုရှင်များသို့ တင်ပြရှင်းလင်းပြီး အတည်ပြုချက်ရယူရန် အစုရှင်များ အားလုံး၏ နောက်ဆုံး အထွေထွေအစည်းအဝေးကို အမှတ်(၂၅)၊ နဂဒေးလမ်း၊ စက်မှုဇုန်(၃)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၌ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက် နံနက် (၁၀:၀၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းနှင့် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းဦး**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ (၁၀)မိုင်ကုန်း၊ အမှတ် (၈/၆၂)၊ ရေိယာ (၂၅x၃၀) ပေ ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ( 2 RC) လုံးချင်းတိုက်တစ်လုံးနှင့် ကိုယ်ပိုင် (ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သော ဒေါ်စောခင်ထွေး ၇/ရကန (နိုင်) ၀၀၄၂၉၇ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း (မူရင်း) များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါအိမ်နှင့်မြေကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဦးသိန်းညွန့်** |
| **BSc,DA, HGP, R.L, DBL, DML, DIL** | **BA, HGP, R.L, DBL, DML, DIL** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၃၅၆၁)** |
| **ဖုန်း– ၀၉–၄၂၈၇၇၀၈၂၀** | **ဖုန်း–၀၉ – ၅၀၅၃၁၀၇** |

**အမှတ်–၁၄၂၊ ပထမထပ်၊ ၃၉–လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၃၇၇)၊ ဧရိယာ ၀ ဒသမ ၁၀၃ ဧကရှိ ဦးသောင်းထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သင်းရတီဆု(ဘ)ဦးမြင့်စိုး ၁၂/လမတ(နိုင်)၀၃၃၄၂၆ မှ မြေငှားစာချုပ်၊ အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၀၇/ ၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးမြင့်စိုး(ဘ) ဦးမောင်စံ(ခ)အန်ကျော်စံ ၁၂/လမတ(နိုင်)၀၁၄၉၆၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၃၇၂၊ ၃၇၃၊ ၃၇၅)၊ ဧရိယာ ၀ ဒသမ ၃၈၂ ဧကရှိ ဦးသောင်းထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်သင်းရတီဆု(ဘ)ဦးမြင့်စိုး ၁၂/လမတ(နိုင်)၀၃၃၄၂၆ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၀၆/ ၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးမြင့်စိုး(ဘ) ဦးမောင်စံ(ခ)အန်ကျော်စံ ၁၂/လမတ(နိုင်)၀၁၄၉၆၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အကွက်အမှတ်(လလ–၄၀)၊ ဦးပိုင်အမှတ် (၁၂)၊ ၅၅ လမ်း၊ ၁၄၀ x ၁၄၁ လမ်းကြားရှိ ဦးသိန်းအောင် အမည်ပေါက် ဂရန်မြေကွက်အား ပြည်ကြီးတံခွန်မြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ်(၁၆၉/၂၀၂၃)တွင် ၁၄–၁၂–၂၀၂၃ ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးသိန်းအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၇၅၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းလှိုင်ကျော် ၉/မရမ(နိုင်)၀၁၄၇၀၁ က အမှုတွဲအမှတ် (၃၆၈၁/ ၂၀၂၄–၂၀၂၅ )ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထကအီဖြစ်ကျောင်း Grade–10 မှ မအေးမြတ်သူဇာမိုးဦး ၏ ဖခင်အမည်မှန်မှာ ဦးရွှေဝါထွန်း ၃/ဘအန(နိုင်)၃၄၁၇၂၇ ဖြစ်ပါကြောင်း။

**ဦးရွှေဝါထွန်း**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထကအီဖြစ်ကျောင်း Grade–10 မှ စောဟိန်းသူရအောင်ဦး ၏ မိခင်အမည်မှန်မှာ ဒေါ်ဂျိုးစိမ်း ၁၀/ပမန(နိုင်)၁၁၁၂၁၉ ဖြစ်ပါကြောင်း။

**ဒေါ်ဂျိုးစိမ်း**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ အမှတ်၂(ဘီ) ၇–လွှာ၊ ခေါင်းရင်းနှင့် ခြေရင်းခန်းများမှာ ကွယ်လွန်သူ လူပျိုကြီး ဦးအုန်းမောင်ရှိပိုင်ဆိုင်ထားသော အခန်းဖြစ်ပြီး ပထမထပ် ခြေရင်းခန်းမှာ ကွယ်လွန်သူ အပျိုကြီး ဒေါ်စိန်စိန်(ခ)ဒေါ်စိန်စိန်ဌေး ရရှိသောအခန်းများဖြစ်ပါ သည်။ အဆိုပါအခန်းများကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ညီမဖြစ်သူ အပျိုကြီး ဒေါ်အုန်းမြနှင့် မောင်ဖြစ်သူ ဦးအေးမောင်တို့မှ ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပါသည်။ ယခုအခါ ဒေါ်အုန်းမြမှာ မကျန်းမာသဖြင့် ဆေးရုံတက်ရောက်ကုသနေရပြီး ဦးအေးမောင် အပါအဝင် ကိတ္တိမမွေးစားသားများဖြစ်ကြသော ဦးအောင်ချို၊ ဦးသိန်းထိုက်ဦး၊ ဦးထွန်းထွန်းလင်းတို့မှ ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။

သို့ဖြစ်ပါ၍ ဒေါ်အုန်းမြအပါအဝင် ကိတ္တိမသားများ၏ သိရှိသဘောတူမှုမရှိဘဲ မည်သူမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့် ကိစ္စအဝဝတို့ကို မပြုလုပ်ကြပါရန် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကေသီထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်–၆၉၀၄/၂၀–၂–၂၀၀၁)**
**တိုက်(၁၃/၅၃)၊ (၆)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာ၊ ကမာရွတ်မြို့နယ်။**
**ဖုန်း–၀၉–၅၀၉၇၅၀၇**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/5271 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အင်ဂျင်နီယာဌာန(အဆောက်အအုံ)
## အဆင့်မြင့်အိမ်ရာစီမံကိန်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားသည့် လုပ်ငန်းရှင် / ကုမ္ပဏီများအားဖိတ်ခေါ်ခြင်း Expression of Interest (EOI)

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုလမ်း၏အရှေ့ဘက်၊ သုခတော်ဝင်အိမ်ရာအနီး၊ မြေဧရိယာ (၃၀)ဧက ခန့်ရှိ စီမံကိန်းနေရာ (၁)၊ ပျဉ်းမနား-တောင်ညိုလမ်း၏ အရှေ့ဘက်၊ DENKO စက်သုံးဆီအရောင်းဆိုင်အနီး၊ မြေဧရိယာ (၃၀)ဧကခန့်ရှိ စီမံကိန်းနေရာ (၂) နှင့် ဓနသိဒ္ဓိရပ်ကွက်၊ တော်ဝင်သီရိလမ်း၏ အနောက်ဘက်၊ သံတမန်ဇုန်အနီး၊ မြေဧရိယာ (၃၀)ဧကခန့်ရှိ စီမံကိန်းနေရာ (၃) တို့တွင် တည်ဆောက်မည့် အဆင့်မြင့်အိမ်ရာစီမံကိန်း (၃)ခု Lot (၃) ခုကို အလုံးစုံရင်းနှီးမြှုပ်နှံ တည်ဆောက်ရန် Developer လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ Expression of Interest (EOI) ဖိတ်ခေါ်အပ်ပါသည်။

၂။ Expression of Interest (EOI) Form အဆိုပြုလွှာပုံစံနှင့် စည်းကမ်း ချက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ) သို့ ၁၇-၉-၂၀၂၄ရက်၊ နံနက် ၁၀:၀၀ နာရီမှစ၍ မိမိတို့၏ကုမ္ပဏီဆိုင်ရာ အထောက်အထားမိတ္တူများပြသလျက် လာရောက်ဝယ်ယူနိုင်ပြီး ၄-၁၀-၂၀၂၄ ရက် ညနေ ၁၆:၀၀ နာရီ နောက်ဆုံးထားတင်သွင်းရပါမည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဖုန်း-၀၆၇-၈၁၀၈၂၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရမည်းသင်းမြို့၊ ဝါတိုးရပ်ကွက်၊ အကွက်အမှတ်/အမည် (၅၅၊ သီလ၀-၁)၊ ဦးပိုင်အမှတ်(၁၃၇)၊ မြေကွက်အမှတ်(၁၃၃)၊ မြေဧရိယာ ၀ ဒသမ ၀၈၆ ဧကရှိ မြေအား မြို့မြေတိုးချဲ့ချထားရေးလုပ်ငန်းကော်မတီမှ ဦးစိန်ထွန်း (အထကအုပ်) အမည်ဖြင့် မြေပေးမိန့်ချထားပေးခဲ့ပါကြောင်း၊ ၎င်းမြေကွက်အား ဦးစိန်ထွန်းထံမှ ဦးအေးသွင်(ခ)ဦးအေးသွင်ဟန်ဝယ်ယူခဲ့ပြီး မြေပေးမိန့်စာအုပ် ပျောက်ဆုံးနေ၍ မြေငှားဂရန်လျှောက်ထားရန်အတွက် မြေပေးမိန့်စာအုပ် ပျောက်ဆုံးကြောင်း ထောက်ခံချက်ရရှိနိုင်ရေး တင်ပြလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်မာသည့် စာရွက စာတမ်း အထောက်အထား အပြည့်အစုံဖြင့် ရမည်းသင်းခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရမည်းသင်းမြို့**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၃) လမ်း၊ အမှတ်၇၈ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ (၄)လွှာ (ခေါင်းရင်းခန်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးသိန်းတန် ၁၂/မရက(နိုင်)၀၃၄၂၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာဝင်း ၁၂/မဘန(နိုင်)၀၈၆၈၉၉ က ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုရန်ရှိပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ်ကို အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေနိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၈၁၄)**
**အမှတ်-၁၆၂(B)၊ မြေညီထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၅၁၆၉၀၇၉၊ ၀၉-၇၉၀၆၁၉၃၈၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာ ရွှေမြေလမ်းနှင့် အနန္တဂုဏ်ရည်လမ်းထောင့်၊ တိုက်ခန်းအကျယ်အဝန်း (1512Sqft) ရှိသော(Shwe Einzali Condo-2) ကွန်ဒိုတိုက်ခန်းနှင့် ဓာတ်လှေကား၊ လုံခြုံရေး၊ မီးစက်ရေစက်နှင့် ကားတစ်စီးစာ ကားပါကင်အပါအဝင် တိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် တိုက်ခန်းရောင်းချသူ ဒေါ်ခင်အေးချို၁၂/မဂတ(နိုင်)၀၆၅၄၆၇ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသောကြောင့် ရောင်းချရန်ကမ်းလှမ်းရာတွင် ဝယ်ယူသူ ဦးအောင် စိုးဦး၁၃/လရန(နိုင်)၁၉၂၄၄၉ မှ ဝယ်ယူရန် သဘောတူညီ၍ ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းအပြည့်အစုံဖြင့် ကြော်ငြာပါသည့်ရက်မှစ၍( ၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အားပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်စိုးဦး၁၃/လရန(နိုင်)၁၉၂၄၄၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကျော့ကျော့ဦး(LL.B,LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၃၅၆)**
**အမှတ် ၄၇၄၊ တတိယထပ်(၄လွှာ)၊ ရာဇဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၆၇၉၆၂၈၆၄၅**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ကျေးရွာနေ ဒေါ်တင့်တင့်ထွေး ၈/ပခက(နိုင်)၀၁၃၄၃၃ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်မ၏သားဖြစ်သူ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အရှေ့ချောက်ကန်ကျေးရွာနေ ကိုကျော်နိုင်ဝင်း(ခ)ကိုကျော်စည်ဝင်းသည် ကျွန်မ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် ကျွန်မအား နေ့စဉ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ အသက်အန္တရာယ်ဖြစ်အောင် မကြာခဏ ခြိမ်းခြောက်ပြောဆိုခြင်း၊ မိခင်ဖြစ်သူ ကျွန်မအား ကိုယ်ထိလက်ရောက် ကျူးလွန်ရန် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ကိုကျော်နိုင်ဝင်း(ခ)ကိုကျော်စည်ဝင်း၏ မိဘအပေါ်ကျူးလွန်သည့်လုပ်ရပ်များမှာ ခွင့်လွှတ်၍ မရနိုင်သည့်ကိစ္စရပ်များဖြစ်သောကြောင့် သွာနုတ္တသားအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေး မြန်းခြင်းသည်းခံပါ။)**

**ဒေါ်တင့်တင့်ထွေး ၈/ပခက(နိုင်)၀၁၃၄၃၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၅၆-အေ၊ ၅၇-အေ)၊ ဧရိယာ ၀ ဒသမ ၁၉၈ ဧကရှိ ဦးလင်းခိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၀၈၈/၂၀၂၃ ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကလျာမိမိဦး ၉/ပမန(နိုင်)၁၅၈၆၇၃ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးမောင်မောင်သင် ၉/မသန (နိုင်)၀၀၉၆၅၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၃၆၈၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကကို အမည်ပေါက် ဦးပြုံးရီ (တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး(ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ ဒေါ်အိအိခိုင် (ဘ) ဦးသန်းဦး ၁၂/ဗဟန(နိုင်)၀၇၇၈၆၁ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ် ၃၃/၂၀၂၂၊ တရားမဇာရီမှုအမှတ် ၁၆/၂၀၂၃တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ပေါင်းတည်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၉

ကိုကောင်းဆက်ဟန် (တရားလို) **နှင့်** ဦးဝင်းထွဋ် (တရားပြိုင်)

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ မင်းကွက် (၂) ရပ်ကွက်၊ (၃၅)လမ်းနေ (ဘ)ဦးသောင်းညွန့်၏ သားဖြစ်သူ ဦးဝင်းထွဋ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကိုကောင်းဆက်ဟန်က "လုပ်ငန်းလုပ်ကိုင်ရန် ပေးအပ်ခဲ့သော ငွေကျပ် သိန်း(၃၀)နှင့် နှစ်နာကြေးငွေကျပ်သိန်း(၄၀)တို့၏ စုစုပေါင်း ငွေသိန်း(၇၀)ကျပ်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ယဉ်မင်းသူ)**

**မြို့နယ်တရားသူကြီး**
**ပေါင်းတည်မြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြောက်ဒဂုံမြို့နယ်၊ (၄၂)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ်(၁၇၉) နေ ဦးဇော်ခင်၁၀/ခဆန(နိုင်)၀၁၀၁၈၀-ဒေါ်မြဝင်း ၁၀/ခဆန(နိုင်) ၀၇၉၂၂၆ တို့၏သား မောင်ထိန်လင်း ၁၂/ဒဂမ(နိုင်)၀၃၆၈၇၅ သည် မိဘများအပေါ်တွင် စိတ်ဒုက္ခအမျိုးမျိုးပေးပါသောကြောင့် မိဘနှစ်ပါး ဖြစ်သူသည် ၎င်းအား အမွေစား အမွေခံအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် မောင်ထိန်လင်းနှင့်ပတ်သက်သော ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်လာပါက တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်းနှင့် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

**(မိဘနှစ်ပါး)**
**ဦးဇော်ခင် ၁၀/ခဆန(နိုင်)၀၁၀၁၈၀-**
**ဒေါ်မြဝင်း ၁၀/ခဆန(နိုင်)၀၇၉၂၂၆**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးစီးကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးစံလင်းအောင် (ဘ) ဦးမြင့်ဇော် ၉/သစန(နိုင်) ၁၉၈၂၀၇ နှင့် ဒေါ်စုမြတ်မွန် (ဘ) ဦးခင်မောင်မြင့် ၉/မထလ(နိုင်)၃၃၆၈၃၉ တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်နေထိုင်ပေါင်းသင်းရန် မဖြစ်နိုင်တော့ပါ သောကြောင့် ၉-၉-၂၀၂၄ ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်စုမြတ်မွန်**
**၉/မထလ(နိုင်)၃၃၆၈၃၉**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုဆုမြတ်နိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၂၅၃)**
**ဖုန်း-၀၉-၉၂၃၆၂၀၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆)၊ မြယမုံကျောက်လမ်း၊ မြေကွက်အမှတ်(၆၄၁/က)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးစိန်လှိုင် (၁၂/လကန(နိုင်)၀၆၇၄၄၉)အမည်ပေါက်ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း( ၂၀ပေ× ၆၀ပေ )ရှိပါမစ်မူရင်းခြမ်းမြေကွက်နှင့် အိမ်ခြံမြေအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူများဖြစ်သော (၁) ဒေါ်မြင့်မြင့်သန်း (၁၂/ဗဟန(နိုင်)၀၆၆၅၆၃)နှင့်(၂) ဒေါ်ခင်ခင်ဝင်း (၁၂/ဒဂတ(နိုင်)၀၁၄၆၀၁)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဒေါ်ချောချောဝင်း ( ၇/တငန(နိုင်)၀၉၉၀၃၅ )ကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်တွင် တည်ရှိသည့် အောင်ဆုပန်ရပ်ကွက်၊ရွှေအင်ကြင်းရိပ်မွန်၊Type(II) တိုက်အမှတ်(O)၊ ဆဋ္ဌမထပ်၊ အခန်းအမှတ်(၆) တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်လျက်ရှိသည့်ပစ္စည်းများနှင့် ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ အား Golden Flower Co.,ltd မှတစ်ဆင့် အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသည့် ယခုရောင်းချသူဖြစ်သော ဒေါ်ခင်ခင်လေး ၁၂/လကန(နိုင်)၀၂၅၂၅၇ သည် ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိကိုယ်တိုင် တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြား အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ဦး (LL.B,LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၃၆)**
**အခန်းအမှတ်(308)၊ Office Tower(3), TimeCity, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၂၂၃၈၉၅၈**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးချစ်ခိုင်၏သား မောင်ပြည့်ဖြိုးကျော် ၁၄/ကလန(နိုင်) ၁၉၅၆၁၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၅၄၅၆၉၈၃**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ အထက ကျုံတနီး၊ Grade-11မှ မအိမွန်လှိုင် ၏ ဖခင်အမည် မှန်မှာ ဦးဖိုးလပြည့် ၁၄/ဓနဖ(နိုင်)၁၄၂၄၀၅ ဖြစ်ပါကြောင်း။

**ဦးဖိုးလပြည့်**

## ဖခင်အမည်မှန်

သရက်မြို့၊ အထက(၃)၊ Grade-11(A) မှ မသင်းအိန္ဒြေစံ ၏ ဖခင်အမည်မှန်မှာ ဦးကြင်မောင် ၈/သရန(နိုင်)၀၈၃၇၉၈ ဖြစ်ပါကြောင်း။

**ဦးကြင်မောင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

သရက်ခရိုင်၊ ကံမမြို့၊ အထက Grade-12(A) မှ မောင်အောင်ပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးညီညီမင်း(ခ)ဦးဇော်မင်း ၈/ကမန(နိုင်)၀၅၅၈၆၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကျောက်တန်း အထက (G-12)အတန်းမှ မမေသူအောင် ၁၁/မအန(နိုင်)၀၈၀၅၄၈ ၏ ဖခင် ဦးမြခဲ၏ အမည်မှန်မှာ ဦးစိန်ခဲ ၁၁/မအန(နိုင်)၀၃၈၈၀၁ ဖြစ်ပါကြောင်း။

## မီးသတိပြု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-H)၊ မြေကွက် အမှတ်-(၄၃ A/၁ + ၄၄-F)၊ ဧရိယာ ၀ ဒသမ ၃၉၁ ဧကရှိ မြေပိုင်မြေကွက်၊ တစ်နည်းအားဖြင့် အမှတ်(၄၈)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးရွှေကြိုင် ၁၂/ဒဂန(နိုင်)၀၂၆၇၆၀ ၏ အမည်ဖြင့် မှတ်သားထားပါသည်။ အထက်ဖော်ပြပါရောင်းချသူသည် တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသည်ကို ယုံကြည်သဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေ အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုနန္ဒာထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၅၃၇၃၇)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo(ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၀၅၁၁၃**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ချောက်မြို့၊ အမှတ်(၁၁)ရပ်ကွက်၊ ဗဟိုကွက်သစ်ရပ်၊ အကွက်အမှတ်(၂၄/တောင်ရပ်အရှေ့)၊ ဦးပိုင်အမှတ်၈၇/ခ၊ မြေကွက်အမှတ်(၁၁၄)၊ ပိုင်ဆိုင်ခွင့်(L)မြေမျိုးနှင့်အတန်း မြို့မြေ ၊ ၀ ဒသမ ၀၂၉ ဧကရှိ ဦးချစ်တင်-ဒေါ်သောင်းညွန့် ဂရန်အမည်ပေါက် ဝိုင်းမြေကွက်အား ဒေါ်မို့မို့ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာပါသည်။ ထိုသို့ လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍(၁၅)ရက် အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဒေါ်မို့မို့ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကော်လိတ္တိအရာရှိ**
**ချောက်ခရိုင်၊ ချောက်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၉၇၆၀ Canda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၉/ကဆန(နိုင်)၁၁၄၈၁၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် က်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် AYY/19557 HONDA PCX 150 ယာဉ်လက် ဝယ်ရှိသူ ဦးသောင်းမြင့် ၁၄/လမန (နိုင်) ၀၂၅၆၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မလှိုင်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၇

ဦးတင်နိုင်စိုး နှင့် ဒေါ်ယုယုစိုး
တရားလို တရားပြိုင်

